# ရတနာပုံ

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်၊ ကြာသပတေးနေ့၊ (13-8-2026)၊ အတွဲ (၃၅)၊ အမှတ် (၁၀၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (International Youth Day - 2026) အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၁၂**

"နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဟူသည့်ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (International Youth Day – 2026)အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်မောင်မယ်များကို ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအဖွဲ့ဝင်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၇ ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပန်းချီထူးချွန်ပညာရှင်(Winner ဆု) ရရှိခဲ့သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မုဒုံ)မှ Grade-11 ကျောင်းသူ မသော်တာဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များ၊ ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများကို သန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့ရာ ယနေ့ထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာ၊ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာ စုစုပေါင်းမြို့ပေါ်ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာ ၁၈၉ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊

စာမျက်နှာ ၂၆ ကော်လံ ၅

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၂**


၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ အမျိုးသားဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဖူဆယ်အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Sports Channel၊ MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းလွန်-ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာပြီး အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)အဖြစ်သို့လည်းကောင်း၊ နောက် ၃၆ နာရီအတွင်း အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ် (Depression)အဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်ကာ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၁၃ ရက်
အယ်ဒီတာ့အာဘော်

## ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းစေရေး

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏တာဝန်များကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများတိုးတက်ပြီး အေးချမ်းသာယာသောနိုင်ငံအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူငယ်များအသိပညာ၊ အတတ်ပညာ ကြွယ်ဝစေရေး၊ ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်စေရေးအတွက် ကျောင်းသားလူငယ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုကြမည့်သူများမှာ လူငယ်များပင်ဖြစ်သည်။ လူငယ်များသည် နိုင်ငံအတွက်အဖိုးတန်ရတနာများဖြစ်သည့်အတွက် နိုင်ငံတိုင်းတွင် လူငယ်များကို ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ ဟူသည့်ဗလငါးတန်နှင့်ပြည့်စုံလာစေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ ပညာပြည့်ဝနလုံးလှသည့် လူငယ်များ၏အားသည် နိုင်ငံတော်ကို အစစ်အမှန်အကျိုးပြုမည်ဖြစ်သောကြောင့် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များပေါ်ထွက်စေရန် နိုင်ငံတော်အပိုင်းက ပျိုးထောင်ပေးနေသကဲ့သို့ လူငယ်များအနေဖြင့်လည်း ကြိုးစားသွားကြရမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ပြီး သွက်လက်ထက်မြက်သည့်လူငယ်များက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏အနာဂတ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ စာသင်ကျောင်းများတွင် ဆရာ၊ ဆရာမများက ကျောင်းသားလူငယ်အားလုံးကို ပညာရေးပိုင်းသာမက ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင်လည်း သင်ကြားပြသပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် စာပေပိုင်းဆိုင်ရာသာမက ကျန်းမာကြံ့ခိုင်ပြီး သုတ၊ ရသ အသိအမြင်ပြည့်စုံသည့် ကလေးငယ်များဖြစ်စေရေးအတွက် စာသင်ကျောင်းများတွင် အားကစားကွင်းများ၊ စာကြည့်တိုက် စသည်တို့ပြည့်မီနေရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ဆရာ၊ ဆရာမများသည် ကလေးငယ်များကို အတန်းအောင်၊ အမှတ်ကောင်းစေရေးအတွက်သာ ဦးတည်သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ ပညာရေးထူးချွန်မှုအပြင် စည်းကမ်းရှိပြီး အခြေခံစိတ်ကောင်းမွန်သည့် ကျန်းမာကြံ့ခိုင်သည့်၊ စွမ်းရည်စွမ်းအားရှိသည့်ကလေးငယ်များအဖြစ် ပြုစုပျိုးထောင်ပေးလျက်ရှိပေသည်။

ယနေ့ကျောင်းသားလူငယ်များသည် နောင်အနာဂတ်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူသားအရင်းအမြစ်များဖြစ်ခြင်းကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ ကာယ၊ ဉာဏဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကျောင်းကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများ စားသုံးတတ်သည့်အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ရရှိစွဲမြဲကျင့်သုံးနိုင်စေရန်နှင့် အရက်၊ ဆေးလိပ်၊ Vape နှင့် မူးယစ်ဆေးရှောင်ကြဉ်မှုအပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်ကောင်းများကို ကျောင်းသားလူငယ်များဘဝကတည်းက သိရှိလိုက်နာကျင့်သုံးအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောင်းသားလူငယ်များကို ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ထက်မြက်သည့် ဗလငါးတန်နှင့်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပေါ်ထွန်းလာစေရေး နိုင်ငံတော်၏လမ်းညွှန်မှုနှင့်အတူ မိဘ၊ ဆရာ၊ ဆရာမများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၅၆ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၄၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၂၅၆ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## တံတားဦးမြို့နယ် လှေကြီးတန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ချင်းမြေခင်းခြင်းပြီးစီးမှု စစ်ဆေး

**တံတားဦး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥတည်ကျေးရွာအုပ်စု လှေကြီးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ချင်းမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လှေကြီးတန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ချင်းမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

တံတားဦးမြို့နယ် လှေကြီးတန်းကျေးရွာ၌ အရှည် ပေ ၁၂၅၀၊ အကျယ် ၁၄ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျေးရွာတွင်းလမ်း ချင်းမြေခင်းခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၃၉ ဒသမ ၇၅ သန်းအသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

## ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ် ကောင်းမွန်နေ



**ဟသ်ာတ ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ (အပြားကြီး)များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

ဟသ်ာတပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် ယခုနှစ် ဩဂုတ်လပထမပတ်မှစတင်ပြီး ယနေ့ထိ ထောပတ်ပဲနီ (အပြားကြီး)များ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါထောပတ်ပဲနီ(အပြားကြီး) တစ်ရက်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀၀ မှ ၇၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ (အပြားကြီး)က ဝယ်လိုအားကောင်းလာပါတယ်။ ပြည်ပပဲဈေးကွက်ကိုပြန်တင်ပို့နေလို့ အခုလိုဝယ်လိုအား ကောင်းလာတာလို့ ရန်ကုန်ဘက်က ကုန်သည်တွေဆီကနေ သိရပါတယ်။ အခုလပထမပတ်လောက်ကနေ အဝယ်လိုက်လာတာပါ"ဟု ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ(အပြားကြီး) ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၈၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါထောပတ်ပဲနီ (အပြားကြီး)များ ဝယ်လိုအား ကောင်းလာခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

## ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲပြုလုပ်

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းပညာရေး ထူးချွန်ရန် သာမက ပြင်ပအသိပညာဗဟုသုတများစွာရရှိစေရန် ရည်ရွယ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းတို့ပူးပေါင်းကာ စာဖတ် ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ ပညာမြင့်မိုရ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ် (၅)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာညိုညိုတင်က အမှာစကားပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာကြီးလမ်းအောင်က "ပညာဖြင့် ဘဝကိုတည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာဟာမိုနီက "ကျောင်းသားများ အာဟာရ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ အမှတ် (၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာညိုညိုတင်က ဟောပြောပေးသည့်စာရေးဆရာကြီးများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

## ရမည်းသင်းမြို့နယ် ကန်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**ရမည်းသင်း ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကန်လှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီ ဖွဲ့စည်းခြင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**

## ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၄၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၄၆၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၀၉၄၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ စပါးဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၄၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေနဲ့ တောင်သူတွေ မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံ တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## တံတားဦးမြို့နယ် ပြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြူကန်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြူကန်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၇ ဦးကို ရန်ပုံငွေကျပ် ၄၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ထိုင်းဘေးကျားစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ဆန်၊စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်းက ထိုင်းဘေးကျားစပါး တင်းရေ ၃၈၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ထိုင်းဘေးကျား စပါး တင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ထိုင်းဘေးကျားစပါး တင်းရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဒေသဆန်၊ စပါးဈေးကွက်မှာကို စပါးက အဝယ်လိုက်နေတာပါ"ဟု ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ထိုင်းဘေးကျားစပါးများ အရောင်းအဝယ် ကောင်းမွန်မှုကြောင့် စပါးစိုက်တောင်သူများ၊ ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ်မှ ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# အမရပူရမြို့တော် နန်းတော်သုတေသန

ဗိုလ်ရှိတ်(ရတနာပူရ)

အမရပူရမြို့နယ်သည် မန္တလေးတိုင်းဒေသကြီးအတွင်း၌ တည်ရှိပြီး မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၅၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃ မိနစ်၌ တည်ရှိသည်။ မြောက်ဘက်တွင် မန္တလေးမြို့၊ အနောက်ဘက်တွင် ဧရာဝတီမြစ်၊ တောင်ဘက်တွင် ဒုဋ္ဌဝတီမြစ်၊ အရှေ့ဘက်တွင် ပုသိမ်ကြီးမြို့နယ်တို့နှင့် ထိစပ်လျက်ရှိသည်။ မန္တလေးမြို့၏ တောင်ဘက်၌ တည်ရှိသောကြောင့် တောင်မြို့ဟူ၍လည်းခေါ်ကြသည်။ မူလအမည်မှာ အမရပူရမြို့သာဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၂၅၀ ၌ တည်ရှိပြီး အကျယ်အဝန်းဧရိယာမှာ ၅၄၉၆၅ ဧကရှိသည်။ စတုရန်းမိုင်အားဖြင့် ၈၅ ဒသမ ၈၈၃ စတုရန်းမိုင်ရှိသည်။

**အမရပူရမြို့တည်မင်း**

အမရပူရမြို့သည် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သော မြို့ဟောင်းတစ်မြို့ဖြစ်သည်။ အမရပူရ ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှန်းကို တည်ထားစိုးစံခဲ့သောမင်းမှာ ဘိုးတော်ဗဒုံမင်းဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် ကုန်းဘောင်မင်း ၁၁ ဆက်တွင် ခြောက်ဆက်မြောက်မင်းဖြစ်သည်။ ကုန်းဘောင်ခေတ်ကို စတင်တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး ခင်ယွန်းစံတို့မှ မွေးဖွားခဲ့သော သားတော်ဖြစ်သည်။ ဗဒုံမင်းသည် ကုန်းဘောင်မင်းဆက် ၁၁ ဆက်တွင် နန်းသက်အရှည်ဆုံးစိုးစံခဲ့သော မင်းတစ်ပါးဖြစ်သည်။ နန်းစံသက် ၃၈ နှစ်ထိ စိုးစံခဲ့ရသည်။ ထို့ပြင် ဗဒုံမင်းကို စာအဖတ်ဆုံးမင်းတစ်ပါးအဖြစ် မှတ်တမ်းတင်ကြသည်။ ဗဒုံမင်း၏ ငယ်မည်မှာ မောင်ဝိုင်းဖြစ်သည်။ ဗဒုံမင်း၏ အကြောင်းကို စာရေးတော်ကြီး ဦးရာကျော်ပြုစုသော မဟာမင်္ဂလာမင်းခမ်းတော်ကျမ်း၌ ပါရှိသည့် မဟာနွယ်တော်စာရင်း၌ "အမရပူရပဌမမြို့တည် ဆဒ္ဒန်ဆင်မင်း သခင်ဗဒုံမင်းတရားကြီးကား အလောင်းမင်းတရားကြီး မိဖုရားခေါင်ကြီးတွင် မြင်သောသားတော်လတ်၊ ၁၁၀၆ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ၂ နေ့အဝင် ညည့် ၃ ချက်တီးကျော် ၅ နာရီ၊ မိဿတွင် ၈၊ သိဟ်တွင် ၃၊ တူတွင် ၅၊ ဗြိစ္ဆာစန်း၊ ဓနုတွင် စနေ၊ ကုံတွင် လဂ်နှင့် ၄၊ မိန်တွင် ၁၊ ၆၊ နက္ခတ် ၁၆ လုံး၊ ၂ ပါဒ်၊ ၇ ဗီဇနာတွင် ဘွားမြင်တော်မူသည်။ ဗဒုံမြို့ မြဝတီမြို့များကို ကံကျွေးခံရသည်။ သက်တော် ၁၀ နှစ်တွင် သတိုးမင်းလှရွှေတောင်၊ ၁၆ နှစ်တွင် သတိုးမင်းစော၊ ၂၀ တွင် သုဓမ္မရာဇာအမည်များကို ခံရသည်။ ၃၇ နှစ် ၁၁၄၃ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက် ၂ နေ့မင်းဖြစ်တော်မူသည်။ ၃၈ နှစ်၊ ၁၁၄၄ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ ၃ နေ့အဝင် ညည့် ၃ ချက်တီးကျော် ၁ နာရီ ၁ ပါဒ် အချိန်တွင် မြို့၊ ကျုံး၊ နန်း၊ ဂူ၊ ကျောင်း၊ ကန်၊ ပိဋကတ်တိုက် တပြိုင်တည်းတည်ပြီးလျှင် အမရပူရ သမုတ်တော်မူသည်။ ၄၅ ခုနှစ်၊ ၄၆ ခုနှစ် ၂ ကြိမ် ရာဇဘိသေက မုဒ္ဓါဘိသိက်ခံပြီးလျှင် ထီးဆောင်းမင်္ဂလာ မဟာဥကင်သဘွင့်တော်မူ၍ သီရိပဝရတိလောက ပဏ္ဍိတ မဟာစမ္မရာဇာ၊ သီရိပဝရဝိဇယာ နန္တယသ တြိဘဝနဥ္ဒိဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံများကို ခံတော်မူသည်။ ၁၁၆၆ ခု၊ လှိုင်မြို့မင်းလှအရပ်က ကိုယ်လုံးမိုင်းဝါဂွမ်းကဲ့သို့ ဖွေးဖွေးဖြူသောဆင်ဖြူမ ရတော်မူသည်ကို သီရိမလ္လာမဟာသုဘဒ္ဒါ သမုတ်တော်မူသည်။ ၁၁၆၈ ခုနှစ် ဟံသာဝတီမြို့တောင်နိဗ္ဗာန်ရွာက လပြည့်ဝန်းကဲ့သို့ ကိုယ်လုံးဖွေးဖွေးဖြူသော ဆဒ္ဒန်ဆင်ဖြူရတော်မူသည်ကို နိဗ္ဗာနပစ္စယနာဂရာဇာ သမုတ်တော်မူ၍ ရွှေစက်တင်တော်မူပြီးလျှင် ဆဒ္ဒန်ဆင်မင်း သခင် ခံတော်မူသည်။ စည်းစိမ် ၃၈၊ သက်တော် ၇၅၊ ၁၁၈၀ ခု၊ နယုန်လဆန်း ၁၃ ရက်နေ့ ည ၄ ချက်တီးကျော် အချိန် နတ်ပြည်စံတော်မူသည်"ဟူ၍ ဖော်ပြထားသည်။ ထိုအထဲမှ ဗဒုံမင်းနှင့်ပတ်သက်၍ အောက်ပါရက်စွဲသုံးခုကို ဂရုပြုမှတ်သားရန်လိုသည်။

၁။ ၁၁၀၆ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ တနင်္လာနေ့ (၁၇၄၅ ခု၊ မတ်လ ၁၁ ရက်)မွေးဖွား။

**❖ အမရပူရမြို့သည် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သော မြို့ဟောင်းတစ်မြို့ဖြစ်သည်။ အမရပူရ ရွှေထီး၊ ရွှေနန်း၊ ရွှေကြငှန်းကို တည်ထားစိုးစံခဲ့သောမင်းမှာ ဘိုးတော်ဗဒုံမင်းဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် ကုန်းဘောင်မင်း ၁၁ ဆက်တွင် ခြောက်ဆက်မြောက်မင်းဖြစ်သည်။ ကုန်းဘောင်ခေတ်ကို စတင်တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး ခင်ယွန်းစံတို့မှ မွေးဖွားခဲ့သော သားတော်ဖြစ်သည်။ ဗဒုံမင်းသည် ကုန်းဘောင်မင်းဆက် ၁၁ ဆက်တွင် နန်းသက်အရှည်ဆုံးစိုးစံခဲ့သော မင်းတစ်ပါးဖြစ်သည်။ နန်းစံသက် ၃၈ နှစ်ထိ စိုးစံခဲ့ရသည်။ ထို့ပြင် ဗဒုံမင်းကို စာအဖတ်ဆုံး မင်းတစ်ပါးအဖြစ် မှတ်တမ်းတင်ကြသည်။ ❖**

၂။ ၁၁၄၃ ခု၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်နေ့ (၁၇၈၂ ခု ဖေဖော်ဝါရီလ ၁၂ ရက်) အင်းဝမြို့၌ နန်းတက်။

၃။ ၁၁၈၀ ခု၊ နယုန်လဆန်း ၁၃ ရက်၊ စနေနေ့ (၁၈၁၉ ခု၊ ဇွန်လ ၅ ရက်) နတ်ရွာစံ။

ဗဒုံမင်း၏ နန်းစံနှစ်ကို ၃၇ နှစ်ဟူ၍လည်းကောင်း၊ ၃၈ နှစ်ဟူ၍လည်းကောင်း ရေးသားကြသည်ကို တွေ့ရသည်။ ၃၇ နှစ်ဟု ရေးသားကြခြင်းသည် ဗဒုံမင်းနန်းတက်နှစ်နှင့် မတွက်ဘဲ အမရပူရမြို့တည်သည့်နှစ် ၁၁၄၄ ခုနှစ်နှင့် တွက်ကြခြင်းကြောင့်ဖြစ်သည်။ ဗဒုံမင်းနန်းစံနှစ်ကို တိတိကျကျဆိုရလျှင် နန်းတက်သည့် ၁၁၄၃ ခု တပို့တွဲ လပြည့်ကျော် ၁၄ ရက်နေ့မှ နတ်ရွာစံသည့် ၁၁၈၀ ခု၊ နယုန်လဆန်း ၁၃ ရက်ထိ ၃၇ နှစ်၊ ၃ လနှင့် ၂၂ ရက်ကြာသည်။ ကုန်းဘောင်မင်း ၁၁ ဆက်တွင် ဗဒုံမင်းသည် နန်းစံသက်အရှည်ဆုံးမင်းဖြစ်သည်။

**ဗဒုံမင်း၏မွေးချင်းများ**

အလောင်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး ခင်ယွန်းစံတို့မှ မွေးဖွားသော သားတော်များကို ဖော်ပြရာတွင် ဗဒုံမင်းကို တတိယသားတော်၊ စတုတ္ထသားတော်စသည်ဖြင့် အမျိုးမျိုးဖော်ပြကြသည်။ ထိုသို့ ကွဲပြားစွာ ဖော်ပြနေမှုများကြောင့် ဘိုးတော်ဗဒုံမင်း၏ မွေးချင်းညီအစ်ကိုများကို စိတ်ဝင်တစားလေ့လာကြည့်မိသည်။ အလျှင်ဦးဆုံးစာရေးတော်ကြီး ဦးရာကျော်ပြုစုသည့် မြန်မာမဟာမင်္ဂလာမင်းခမ်းတော်ကျမ်း၌ ပါရှိသည့် မဟာနွယ်တော်စဉ်စာရင်းကို ကြည့်မိသည်။ မဟာနွယ်တော်စဉ်စာရင်း၌ ဘိုးတော်ဗဒုံမင်းတွင် မွေးချင်းညီအစ်ကိုမောင်နှမကိုးဦးသာ ဖော်ပြထားသည်။ ဆရာကြီးဦးစိန်မောင်ဦး၏ မှတ်တမ်း၌ မွေးချင်း ၁၀ ဦးရှိကြောင်း ဖော်ပြထားသည်။ ထိုသို့ ကိုးဦး၊ ၁၀ ဦး ကွဲပြားနေသဖြင့် နောက်ထပ် အလောင်းမင်းတရားကြီး၏ ဆွေတော်စဉ်စာရင်းပေမူကိုကြည့်ရာတွင် အလောင်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး ခင်ယွန်းစံတို့မှ သားသမီး ၁၀ ဦး ထွန်းကားခဲ့ကြောင်း ဘွဲ့မည်များနှင့်တကွ ပြည့်စုံစွာ ဖော်ပြထားသည်။ ထိုဆွေတော်စဉ်စာရင်းအရ ဘိုးတော်ဗဒုံမင်း၏ မွေးချင်းမောင်နှမ ၁၀ ဦးမှာ-

၁။ သီရိသုဓမ္မရာဇာဘွဲ့ခံ နောင်တော်ကြီးဒီပဲယင်းမင်း ငယ်မည် သခင်လှော်။

၂။ သီရိသုဓမ္မရာဇာဘွဲ့ခံ ဆင်ဖြူရှင်မြေဒူးမင်း၊ ငယ်မည် သခင်ရွှ။

၃။ ငယ်မည်မောင်ပေါက်။ အလောင်းမင်းတရားကြီး မင်းမဖြစ်မီ ငယ်ကလွန်။

၄။ သီရိမဟာမင်္ဂလာဒေဝီဘွဲ့ခံ ကနီမင်းသမီး။ ငယ်မည် သခင်သာ။

၅။ သုဓမ္မရာဇာဘွဲ့ခံ အမြင့်မင်း။ ငယ်မည် မောင်ပို။ စဥ့်ကူးမင်းလက်ထက် ရေမှာ ဖျောက်ခံရ။

၆။ သီရိမဟာရတနာဒေဝီဘွဲ့ခံ မင်းခင်းမင်းသမီး။ ငယ်မည် သခင်မင်းမြတ်လှ။

၇။ သတိုးမင်းစောဘွဲ့ခံ ဘိုးတော်ဗဒုံမင်း။ ငယ်မည် မောင်ဝိုင်း။

၈။ သီရိမဟာရတနာဒေဝီဘွဲ့ခံသမီးတော်။

၉။ သတိုးမင်းလှမင်းရဲကျော်စွာဘွဲ့ခံ ပုခန်းမင်း။ ငယ်မည် မောင်စို။ ၁၁၆၄ ခု ရှားရောင်းရွာတွင် ကံကုန်သည်။

၁၀။ သတိုးမင်းလှမင်းရဲကျော်ထင်ဘွဲ့ခံ ပင်းတလဲမင်း။ ငယ်မည် မောင်းဘိုးမှင်။ ဗဒုံမင်း လက်ထက် ရေမှာ ဖျောက်ခံရဟူ၍ဖြစ်သည်။

အထက်ပါစာရင်းအရ ဘိုးတော် ဗဒုံမင်းတွင် မွေးချင်း ၁၀ ဦးရှိကြောင်း သိရသည်။ မွေးချင်း ၁၀ ဦးတွင် ဘိုးတော်ဗဒုံမင်းသည် ခုနစ်ဦးမြောက် သားဖြစ်သည်။ သားတော်များချည်း အစဉ်အတိုင်း ရေတွက်လျှင် ဘိုးတော်ဗဒုံမင်းသည် ငါးဦးမြောက်သားဖြစ်သည်။ ထို့ကြောင့် ဘိုးတော်ဗဒုံမင်းကို အလောင်းမင်းတရားကြီး၏ တတိယသားတော်၊ စတုတ္ထသားတော်ဟု ရေးခြင်းများသည် မှားယွင်းနေပါသည်။ မွေးချင်း ၁၀ ဦးတွင် သားတော်များချည်းအစဉ်အတိုင်းရေတွက်ပါက ဘိုးတော်ဗဒုံမင်းကို ငါးဦးမြောက်သားတော်ဟု ရေးသားရပါမည်။ ထိုသို့မဟုတ်ဘဲ မွေးချင်း ၁၀ ဦးကို သမီးတော်များအပါ အစဉ်အတိုင်း ရေတွက်ပါက ခုနစ်ဦးမြောက် သားတော်ဟု ရေးသားမှသာမှန်ပါမည်။

**ဗဒုံမင်းနန်းတက်ခြင်း**

ဘိုးတော်ဗဒုံမင်းသည် အိမ်ရှေ့မင်းဘဝမှ ရှင်ဘုရင်ဖြစ်လာသူမဟုတ်ပေ။ ထီးနန်းကို ကျားကုတ်ကျားခဲကြိုးစား၍ ရခဲ့ခြင်းသာဖြစ်သည်။ ဗဒုံမင်းသည် တူတော်စဥ့်ကူးမင်းလက်ထက်၌ စစ်ကိုင်းဘက်၌ အိမ်နိမ်စံနေရသည်။ ဗဒုံမင်း၏ အိမ်တော်နေရာမှာ ယခုအောင်မြေလောကစေတီတော်နေရာဖြစ်သည်။ ဘိုးတော်ဗဒုံမင်းသည် တူတော်စဥ့်ကူးမင်းလက်ထက်၌ စစ်ကိုင်းဘက်၌ အိမ်နိမ့်စံနေစဉ် စဥ့်ကူးမင်းသည် အင်းဝမြို့မှ အထက်အညာ သီဟတောဘုရားသို့ ဘုရားဖူးထွက်သည်။ စဥ့်ကူးမင်း အညာသီဟတောဘုရားဖူးသို့ ဘုရားဖူးထွက်စဉ် နောင်တော်ကြီးဒီပဲယင်းမင်းသားတော် ဖောင်းကစားမောင်မောင်သည် အင်းဝထီးနန်းကို လုယူနန်းတက်သည်။ ထိုသို့ အင်းဝထီးနန်းကို လုယူနန်းတက်သော ဖောင်းကားစားမောင်မောင်ကို ဘိုးတော်ဗဒုံမင်းက ငယ်ကျွန်ရဲဘော်သင်း ၁၂ ဦးနှင့် နှိမ်နင်းပြီး အင်းဝထီးနန်းကို ဆက်ခံခဲ့ပြန်သည်။ ဖောင်းကားစားမောင်မောင်သည် ခုနစ်ရက်သာ အင်းဝထီးနန်းတွင် စိုးစံခဲ့ရသည်။ ကုန်းဘောင်မင်းဆက်တွင် နန်းသက်အတိုဆုံးမင်းဖြစ်သည်။ ဘိုးတော်ဗဒုံမင်း ဖောင်းကားစားကို နှိမ်နင်းပြီး အင်းဝ၌ နန်းတက်စဉ် အထက်အညာသို့ ဘုရားဖူးသွားရာမှ ပြန်လာသောစဥ့်ကူးမင်းကိုလည်း ဖမ်းဆီးပြီး ထုံးစံနှင့်အညီ စီရင်ခဲ့သည်။

စဥ့်ကူးမင်း အညာသီဟတောသို့ ဘုရားဖူးသွားခြင်း၊ ဖောင်းကားစားမောင်မောင် နန်းတက်ခြင်း၊ ဘိုးတော်ဗဒုံမင်း ဖောင်းကားစားကို နှိမ်နင်း၍ နန်းတက်ခြင်း၊ စဥ့်ကူးမင်းကို အဆုံးစီရင်ခြင်းများသည် ကာလရှည်ကြာဖြစ်ပွားခဲ့ခြင်းမဟုတ်ပေ။ ၁၃ ရက်အတွင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များသာဖြစ်သည်။ ထိုအကြောင်းအရာများကို ရှင်းလင်းလွယ်ကူစွာ သိစေရန် ရက်စဉ်သမိုင်းဖြင့် အတိုချုံးဖော်ပြပါမည်။

၁။ ၁၁၄၃ ခု၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ စနေနေ့ (၁၇၈၂ ခု၊ ဖေဖော်ဝါရီလ ၂ ရက်) စဥ့်ကူးမင်း သီဟတောဘုရားသို့ ဘုရားဖူးထွက်။

၂။ ၁၁၄၃ ခု၊ တပို့တွဲလပြည့်ကျော် ၈ ရက် အင်္ဂါနေ့ (၁၇၈၂ ခု၊ ဖေဖော်ဝါရီ ၅ ရက်) ညတစ်ချက်တီးချိန်တွင် ဖောင်းကားစားမောင်မောင် လူ ၂၀၀ ကျော် နှင့် အင်းဝနန်းကိုတက်သည်။

၃။ ၁၁၄၃ ခု၊ တပို့တွဲလပြည့်ကျော် ၁၄ ရက် တနင်္လာနေ့ (၁၇၈၂ ခု၊ ဖေဖော်ဝါရီ ၁၁ ရက်) ဗဒုံမင်း ဖောင်းကားစားကိုလုပ်ကြံပြီး အင်းဝ၌နန်းတက်။

၄။ ၁၁၄၃ ခု၊ တပေါင်းလဆန်း ၃ ရက်(၁၇၈၂ ခု၊ ဖေဖော်ဝါရီ ၁၄ ရက်) စဥ့်ကူးမင်းကိုဖမ်း၍ အင်းဝသို့ ခေါ်ဆောင်။ ပြီးလျှင် ရေမှာဖျောက်။

အထက်ပါ ရက်စဉ်သမိုင်းကို လက်ဝဲနော်ရထာ အမတ်ကြီးပြုစုသော ဆင်ဖြူရှင်မင်းတရားကြီးဘုရားအရေးတော်ပုံကျမ်းမှ ထုတ်နုတ်ခဲ့ခြင်းဖြစ်သည်။ ၁၃ ရက်အတွင်း ဖြစ်ပျက်ခဲ့သော စဥ့်ကူးမင်း၊ ဖောင်းကားမင်း၊ ဘိုးတော်ဗဒုံမင်းတို့၏ နိုင်ငံရေးမြင်ကွင်းပင်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပင်လည်ဘူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၈၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ပင်လည်ဘူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၀၈၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပင်လည်ဘူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၁၂၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၈၂၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ပင်လည်ဘူးမြို့နယ်မှာ မိုးစပါးဧက ၆၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် စပါးစတင်မစိုက်မီ အချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင် ဆောင်ရွက်ပေးနေပါတယ်။ ဒ့ါပြင် စပါးအထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေသြဇာတွေကိုလည်း ပံ့ပိုးပေးဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်နေပါတယ်။ ဓာတ်မြေသြဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေး ပြည့်မီရေးအတွက်ကိုလဲ ဆောင်ရွက်ပေးနေပါတယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကျောက်အိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်းတက် ကျေးရွာအုပ်စု ကျောက်အိုးကျေးရွာနှင့် ကျောက်ပြားတောင်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ကျောက်ပြားတောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးဒေါ်မြသက်ဝင်းက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၅၀ ဒသမ ၆သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျောက်အိုးကျေးရွာနှင့် ကျောက်ပြားတောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့က ကျေးရွာနှစ်ရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၆ ဦး ကို ငွေကျပ် ၅၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ဘဝလှေ

\- လောကဇာတ်ပွဲ ကကြိုးဆွဲချိန်
အမြဲလှပ မနေနိုင်၊
ပင်လယ်သမုဒ် နေခြည်သုတ်၍
သင်းအုပ်စင်ရော် ပင်လယ်ပျော်တို့
ရွှင်ဖော်မြူးကြ တေးသံမြကြောင့်
လှပသည်လည်း ရှိနိုင်၏။

\- ပြာပြာလွင်လွင် ပင်လယ်ပြင်သို့
မင်ပြာမည်းမည်း လေမာနခဲ၍
မိုးသည်းလေနှင် မုန်တိုင်းဆင်လျက်
အသွင်ခက်ထန် လာနိုင်၏။

\- ဇာတ်ရုပ်ပုံပြင် ကကြိုးဆင်ခိုက်
လိုချင်မက်တွယ် အသွယ်သွယ်ကို
အလွယ်ဆွတ်ခူး ရနိုင်ဖူးသို့
ဆွတ်ခူးခက်ခဲ ရေလိုက်လွဲ၍
ဆင့်ကဲဗျာပါ ကြုံတတ်စွာ
ဘဝဆိုတာ ပန်းဗေဒါ။

\- သြော် • • •
အကြောင်းအကျိုး ကောင်းအဆိုးဟု
နှစ်မျိုးထုံးဖွဲ့ ရှိလေခဲ့ရာ
မရွံ့မစောင်း ကိုယ့်လမ်းကြောင်းကို
တိတ်ဟောင်းရိပ်ပုံ ဆင်ခြင်တုံ၍
တွေ့ကြုံဖေးမ လျှောက်လှမ်းမှ
အနာဂတ်ဘဝ ချမ်းမြေ့လှ။ ။

**ကိုမျိုး(ပွင့်ဦး)**

# ပုဗ္ဗသီရိမြို့နယ် သရက်သမိန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး


**နေပြည်တော် ဩဂုတ် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ယာကုန်းကျေးရွာအုပ်စု သရက်သမိန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် ဝန်ထမ်းများက သရက်သမိန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

သရက်သမိန်ကျေးရွာ၌ အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့်ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၂ ဒသမ ၀၆၃ သန်းဖြင့် ZCO Co.Ltd က ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုထံမှ သိရသည်။ **နော်လူး**

## နှစ်နိုင်ငံကောင်စစ်ရုံးဝန်ဆောင်မှုများ ပြန်လည်စတင်ရန် ဗင်နီဇွဲလားနှင့် အစ္စရေးတို့ သဘောတူညီ



ကာရာကက်စ် ဩဂုတ် ၁၂

နှစ်နိုင်ငံကြား ကောင်စစ်ရုံး ဝန်ဆောင်မှုများ ပြန်လည်စတင်ရန် ဗင်နီဇွဲလားနှင့် အစ္စရေးနိုင်ငံတို့က သဘောတူထားကြောင်း ဩဂုတ် ၁၁ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗင်နီဇွဲလားနှင့်အစ္စရေးတို့သည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့ပြီးနောက် ကောင်စစ်ရုံး ဝန်ဆောင်မှုများ ပြန်လည်စတင်ရန် သဘောတူခဲ့ကြခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံသည် ဂါဇာ ကမ်းမြောင်ဒေသကို အစ္စရေးနိုင်ငံက တိုက်ခိုက်မှုကို အကြောင်းပြု၍ ၂၀၀၉ ခုနှစ်တွင် အစ္စရေးနှင့် သံတမန် ဆက်ဆံရေးဖြတ်တောက်ခဲ့သည်။

နှစ်နိုင်ငံကောင်စစ်ရုံး ဝန်ဆောင်မှုများစတင်ရေးသဘောတူညီချက်ရယူထားမှုကို ဗင်နီဇွဲလားနှင့် အစ္စရေးနိုင်ငံခြားရေး ဝန်ကြီးဌာနတို့က ဩဂုတ် ၁၁ ရက်တွင် အတည်ပြုထားသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း သမ္မတဟောင်း မာဒူရိုကို အမေရိကန်နိုင်ငံက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံသည် အမေရိကန်နိုင်ငံ၏ အဓိကမဟာမိတ် အစ္စရေးနိုင်ငံနှင့် ဆက်ဆံရေး မြှင့်တင်လာခဲ့ပြီး အီရန်နှင့် ထားရှိသည့် မဟာမိတ်ဆက်ဆံရေးကို လျှော့ချလာခဲ့သည်။

ယခုနှစ် ဇွန်လအတွင်း ဗင်နီဇွဲလားနိုင်ငံ၌ အင်အားပြင်း မြေငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဗင်နီဇွဲလားနိုင်ငံသို့ အစ္စရေး ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာခဲ့ပြီး နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများ ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရုရှားသင်္ဘောများကို ဥရောပနိုင်ငံများ ဖမ်းဆီးခဲ့ပါက အလားတူပုံစံမျိုးဖြင့် တုံ့ပြန်မည်ဟု သမ္မတပူတင် သတိပေးပြောကြား

မော်စကို ဩဂုတ် ၁၂



ဥရောပ နိုင်ငံများအနေဖြင့် ရုရှား ကုန်တင်သင်္ဘောများကို ဖမ်းဆီးပါက ရုရှားနိုင်ငံကလည်း အလားတူပုံစံမျိုးဖြင့် ပြန်လည် တုံ့ပြန်မည်ဖြစ်ကြောင်း ရုရှား သမ္မတပူတင်က ယနေ့တွင် သတိပေး ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ဥရောပသမဂ္ဂနိုင်ငံများက ရုရှား ကုန်တင်သင်္ဘောများနှင့် ရေနံတင် သင်္ဘောများအပေါ် အရေးယူပိတ်ဆို့မှုများ ပိုမိုတင်းကျပ်လာချိန်တွင် ရုရှားသမ္မတပူတင်က ထိုသို့သတိပေး ပြောကြားခဲ့ခြင်းဖြစ်သည်။

အရေးယူ ပိတ်ဆို့မှုများ ချိုးဖောက်ဖွယ်ရှိသည့် ရုရှားသင်္ဘောများကို ဖမ်းဆီးရေးအတွက် ပင်လယ်ရေကြောင်း လုံခြုံရေးဆိုင်ရာ လုပ်ငန်းအစီအမံများအကောင်အထည်ဖော်ရေးကို စဉ်းစားနေကြောင်း ဥရောပသမဂ္ဂနိုင်ငံအချို့က ပြောကြားထားသည်။

သို့ရာတွင် ဥရောပနိုင်ငံများ၏ အဆိုပါလုပ်ငန်း အစီအစဉ်များမှာ ပင်လယ်ဓားပြများ၏ လုပ်ရပ်များနှင့် မထူးကြောင်း၊ ထိုလုပ်ငန်းအစီအမံများကို အကောင်အထည်ဖော်ခဲ့ပါက ရုရှားနိုင်ငံကလည်း အလားတူပုံစံမျိုးဖြင့် တုံ့ပြန်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ထို့ပြင်ရုရှားအနေဖြင့် ဥရောပနိုင်ငံများ၏ လုပ်ရပ်များကို တုံ့ပြန်ရာတွင် လိုအပ်ပါက မည်သည့်နေရာမျိုးတွင်မဆို ပုံစံတူတုံ့ပြန်မည်ဖြစ်ကြောင်း သမ္မတ ပူတင်က ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်သည် ရုရှား အရှေ့ဖျား ဆာခါလင်ကျွန်း၌ ပြုလုပ်နေသည့် စစ်ရေးလေ့ကျင့်မှုတစ်ခုကို သွားရောက်ကြည့်ရှုစဉ် ဥရောပနိုင်ငံများကို ထိုသို့သတိပေး ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## အီရန်ဆိပ်ကမ်းများရေကြောင်းပိတ်ဆို့မှုကို ချိုးဖောက်ရန် ကြိုးစားသည့် ကုန်တင်သင်္ဘောကို အမေရိကန် ရဟတ်ယာဉ် ပစ်ခတ်တားဆီး

ဝါရှင်တန် ဩဂုတ် ၁၂

အီရန်ဆိပ်ကမ်းများ ရေကြောင်းပိတ်ဆို့ထားမှုကို ချိုးဖောက်ရန် ကြိုးစားခဲ့သော ပနားမားမှတ်ပုံတင် ကုန်တင်သင်္ဘောတစ်စီးကို အမေရိကန် ရဟတ်ယာဉ်တစ်စင်းက ဩဂုတ် ၁၁ ရက်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တားဆီးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်တပ်များ၏ အကြိမ်ကြိမ် သတိပေးချက်များကို လျစ်လျူရှုခဲ့ခြင်းကြောင့် အမ်ဗီ ဗီလာဒိဗာ ပနားမားမှတ်ပုံတင် ကုန်တင်သင်္ဘောကို အမေရိကန် ရေတပ်အမ်အိတ်ချ်-၆၀ ရဟတ်ယာဉ်တစ်စင်းက ဒုံးကျည်ဖြင့် ပစ်ခတ်တားဆီးခဲ့ကြောင်း အမေရိကန်တပ်မတော် အလယ်ပိုင်း စစ်ဒေသစစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံသည် ယခုနှစ် ဇူလိုင် ၁၄ ရက်တွင် အီရန်ဆိပ်ကမ်းများကို ရေကြောင်းပိတ်ဆို့မှု စတင်ခဲ့ပြီးနောက် အီရန်ဆိပ်ကမ်းသို့ဝင်ရောက်မည့် သင်္ဘောတစ်စီးကို တတိယအကြိမ်မြောက်အဖြစ် စစ်ရေးနည်းလမ်းဖြင့် တားဆီးခဲ့ခြင်းဖြစ်သည်။

အမေရိကန် တပ်မတော်က အီရန်ဆိပ်ကမ်းများကို ဇူလိုင် ၁၄ ရက်တွင် ရေကြောင်းပိတ်ဆို့မှု စတင် ပြုလုပ်ခဲ့ပြီးနောက် ရေကြောင်းပိတ်ဆို့မှုကို ချိုးဖောက်ရန် ကြိုးပမ်းခဲ့သော ရေယာဉ် ၅၅ စီးကို နောက်ကြောင်းပြန်လှည့်စေခဲ့ပြီးရေယာဉ်နှစ်စီးကို တက်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အင်ဒိုနီးရှား၌ ကူးတို့သင်္ဘောတစ်စီး မီးလောင် လူတစ်ဦးသေဆုံး၍ ၁၇၂ ဦးကို ကယ်တင်နိုင်ခဲ့

ဂျကာတာ ဩဂုတ် ၁၂

ဘာလီကျွန်းမှ ထွက်ခွာလာသည့်ခရီးသည်တင်ကူးတို့သင်္ဘောတစ်စီး ယနေ့တွင် မီးလောင်မှု ဖြစ်ပွားခဲ့ပြီးနောက် အင်ဒိုနီးရှား တာဝန်ရှိသူများက လူ ၁၇၂ ဦးတို့ကို ကယ်တင်နိုင်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကေအမ် ပူထရီယက်ဆင် ကူးတို့သင်္ဘောသည် အနောက် နူဆာတန်ဂါရာပြည်နယ် လွမ်းဘော့ခ်ကျွန်းသို့ သွားရောက်ရန် ဘာလီကျွန်းပါဒန်ဘိုင် ဆိပ်ကမ်းသို့ ဦးတည်မောင်းနှင်နေစဉ် လွမ်းဘော့ခ်ကျွန်း ကမ်းလွန်၌ မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကေအမ် ပူထရီယက်ဆင် ကူးတို့သင်္ဘောမီးလောင်မှုကြောင့် လူတစ်ဦး သေဆုံးပြီး ၁၇၂ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် ကေအမ်ပူထရီယက်ဆင် ကူးတို့သင်္ဘော မီးလောင်မှုအတွင်း ပျောက်ဆုံးနေသူ ရှိ၊ မရှိ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

အဆိုပါ ကူးတို့သင်္ဘောမီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို အင်ဒိုနီးရှားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ကေအမ် ပူထရီယက်ဆင် ကူးတို့သင်္ဘော မီးလောင်မှုသည် အင်ဒိုနီးရှားနိုင်ငံအတွက် တစ်လ မပြည့်မီကာလအတွင်း ဖြစ်ပွားခဲ့သော ဒုတိယမြောက် ကူးတို့သင်္ဘောမီးလောင်မှု ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဘာလစ်စတစ်ဒုံးကျည်တစ်စင်း မြောက်ကိုရီးယား ပစ်လွှတ်

ဆိုးလ် ဩဂုတ် ၁၂

မြောက်ကိုရီးယား နိုင်ငံသည် ကိုရီးယားကျွန်းဆွယ် အရှေ့ဘက် ကမ်းရိုးတန်း ပင်လယ်ရေပြင် အတွင်းသို့ယနေ့တွင်ဘာလစ်စတစ် ဒုံးကျည်တစ်စင်း စမ်းသပ် ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် အဆိုပါ ဘာလစ်စတစ်ဒုံးကျည်ကို မြောက်ကိုရီးယား အရှေ့ဘက် ကမ်းရိုးတန်း ဝန်ဆန်ဒေသမှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က နှစ်စဉ်ပူးတွဲ စစ်ရေးလေ့ကျင့်မှုများ မစတင်မီမှာပင် မြောက်ကိုရီးယားနိုင်ငံက ဘာလစ်စတစ်ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ခြောက်ရက်ကလည်း မြောက်ကိုရီးယားနိုင်ငံသည် ဝန်ဆန်ဒေသမှတစ်ဆင့် ကိုရီးယား ကျွန်းဆွယ်အရှေ့ဘက် ကမ်းရိုးတန်းကမ်းလွန် ရေပြင်အတွင်းသို့ ဘာလစ်စတစ် ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်ခဲ့ပြီးဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် အမေရိကန်နှင့် တောင်ကိုရီးယား နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် သတ်မှတ်ထားပြီး လက်နက်စမ်းသပ်မှုများဖြင့် တုံ့ပြန်လေ့ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO



## နာဆာ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးအာကာသယာဉ်က အပေါ်ကျူနတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်၏ ခရီးအကွာအဝေးကို ကျော်ဖြတ်မည်



ဝါရှင်တန် ဩဂုတ် ၁၂

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးအာကာသယာဉ်သည် အပေါ်ကျူနတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်၏ ခရီးအကွာအဝေးကို လာမည့်တစ်ပတ်အတွင်း ကျော်ဖြတ်တော့မည်ဖြစ်ကြောင်း ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေး အာကာသယာဉ်သည် လာမည့်တစ်ပတ်အတွင်း အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ် မောင်းနှင်သွားလာမှုအကွာအဝေး ၄၅ ဒသမ ၁၆ ကီလိုမီတာကို ကျော်ဖြတ်၍ အပေါ်ကျူနတီ၏ ခရီးအကွာအဝေး စံချိန်ကိုချိုးမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

၂၀၀၄ ခုနှစ်တွင် လွှတ်တင်ခဲ့သော အပေါ်ကျူနတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးအာကာသယာဉ်သည် ၂၀၁၈ ခုနှစ်တွင် အင်္ဂါဂြိုဟ်ပေါ်၌ ခရီးအကွာအဝေး ၄၅ ဒသမ ၁၆ ကီလိုမီတာထိ ရောက်ရှိခဲ့သည်။

သို့ရာတွင် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးအာကာသယာဉ်သည် အထက်ပါ ခရီးအကွာအဝေးကို ရောက်ရှိရန် ငါးနှစ်ကျော်မျှသာ အချိန်ယူခဲ့ရခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေး အာကာသယာဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် လွှတ်တင်ခဲ့ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ၎င်း အာကာသယာဉ်သည် အင်္ဂါဂြိုဟ်၏ ဂျီဇီရိုးဥက္ကာချိုင့်ဝှမ်းနယ်မြေပေါ်သို့ ဆင်းသက်နိုင်ခဲ့သည်။

နာဆာ၏ ကျူရီယိုစီးတီးအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးအာကာသယာဉ်ကမူ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ခရီးအကွာအဝေး ၃၈ ဒသမ ၆ ကီလိုမီတာထိသာ ရောက်ရှိခဲ့ဖူးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## တစ်ညလျှင် ရှစ်နာရီခွဲနှင့်အထက် အိပ်စက်မှုက အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်

နယူးယောက် ဩဂုတ် ၁၂

တစ်ညလျှင် ရှစ်နာရီခွဲနှင့်အထက် ပုံမှန်အိပ်စက်မှုသည် အယ်ဇိုင်းမားရောဂါ၏ ရှေ့ပြေးလက္ခဏာတစ်မျိုးဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၁၁ ရက်တွင် ပြောကြားသည်။

ညပိုင်းအိပ်စက်ချိန်တိုတောင်းမှုနှင့် ရှည်လျားမှုနှစ်မျိုးစလုံးသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေနှင့် ဆက်စပ်နေနိုင်ကြောင်း ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်များတွင် သုတေသနပညာရှင်များက တင်ပြခဲ့ကြပြီးဖြစ်သည်။

ထို့ပြင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ညလျှင် အိပ်စက်ချိန် ရှစ်နာရီခွဲအထက်ရှိသူများ၌ P-tau ၁၈၁ ခေါ် ပရိုတင်းတစ်မျိုး သွေးအတွင်း ပါဝင်မှုအဆင့် မြင့်တက်လာတတ်သည်။

P-tau ၁၈၁ ပရိုတင်းများသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေသော ဇီဝလက္ခဏာတစ်မျိုးဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ P-tau ၁၈၁ ပရိုတင်း သွေးအတွင်းပါဝင်မှုအဆင့်သည် တစ်ညအိပ်စက်ချိန် ၁၀ နာရီကျော်ထိရှိသူများ၌ ပို၍ပင် သိသိသာသာ မြင့်တက်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၇၀ အထက် လူဦးရေ ၂၄၁၀ တို့၏ အိပ်စက်ချိန်နှင့် သွေးအတွင်း P-tau ၁၈၁ ပရိုတင်းပါဝင်မှုအဆင့်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ဂျပန်အမျိုးသားအာကာသအေဂျင်စီက မိချီဘိကီ-၇ တည်နေရာနှင့် လမ်းကြောင်းပြဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့

တိုကျို ဩဂုတ် ၁၂

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် မိချီဘိကီ-၇ အမည်ရှိ တည်နေရာနှင့် လမ်းကြောင်းပြ ဂြိုဟ်တုတစ်စင်းကို ဩဂုတ် ၁၀ ရက်တွင် အိတ်-၃ ဒုံးပျံဖြင့် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

မိချီဘိကီ-၇ ဂြိုဟ်တုကို သယ်ဆောင်ထားသည့် အိတ်-၃ ဒုံးပျံကို တာနီကာရှီးမားဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကာ လွှတ်တင်ပြီး ၂၉ မိနစ်အကြာတွင် အိတ်-၃ ဒုံးပျံသည် မိချီဘိကီ-၇ ဂြိုဟ်တုကို



သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ဂျပန်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဩဂုတ် ၁၀ ရက် အာကာသ မစ်ရှင်သည် အိတ်-၃ ဒုံးပျံများ၏ ကိုးကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် ကိုယ်ထည်အလျား ၁၈၇ ပေရှိသည့် အိတ်-၃ ဒုံးပျံကို ၂၀၂၃ ခုနှစ် မတ်လတွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့သည်။

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် မစ်ရှင်ပေါင်း ၅၀ လွှတ်တင်ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်အတွင်းအနားယူခဲ့သော အိတ်-၂ အေ ဒုံးပျံနေရာတွင် အစားထိုး၍ တည်ဆောက်ခဲ့သော ဒုံးပျံဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## အခွံအရောင်နက်မှောင်သောသစ်သီးများ ပုံမှန်စားသုံးခြင်းက နှလုံးကျန်းမာရေးကို အထောက်အကူပြုနိုင်

လန်ဒန် ဩဂုတ် ၁၂

အခွံအရောင် နက်မှောင်သော သစ်သီးများ ပုံမှန်စားသုံးခြင်းသည် နှလုံးကျန်းမာရေးကို အထောက်အကူ ပြုနိုင်ကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၁၁ ရက်တွင် ပြောကြားသည်။

အထက်ပါ သစ်သီးများတွင် ပါဝင်သော သဘာဝဓာတုဒြပ်ပေါင်းများသည် နှလုံးသွေးကြောများ၏ လုပ်ငန်းလည်ပတ်ပုံကို မြှင့်တင်ပေးနိုင်ကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်နှင့် စပိန်သုတေသနပညာရှင်များသည် စပျစ်သီး၊ ဘယ်ရီသီးများနှင့် ဘလူးဘယ်ရီသီးများ၏ ကျန်းမာရေးကောင်းကျိုးများကို လေ့လာထားသော လေ့လာချက်ပေါင်း ၁၇ ခုကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဘလူးဘယ်ရီသီး ဂရမ် ၁၀၀ ကို ခြောက်လကြာ နေ့စဉ်စားသုံးပေးပါက သွေးကြောများ၏ လုပ်ငန်းလည်ပတ်မှုစွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါသစ်သီးများ၏ နှလုံးကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများသည် ၎င်းသစ်သီးများ၌ ပါဝင်သော ပိုလီဖီနော ခေါ် ဓာတုဒြပ်ပေါင်းများနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO



## စပိန်နိုင်ငံအခြေစိုက် ခရီးရှော့စပေ့အာကာသနည်းပညာကုမ္ပဏီက လေကိုတွန်းအားအဖြစ်အသုံးပြုမည့် ကမ္ဘာ့ပထမဆုံးဂြိုဟ်တုကို လွှတ်တင်ရန်စီစဉ်ထား

မက်ဒရစ် ဩဂုတ် ၁၂

စပိန်နိုင်ငံအခြေစိုက် ခရီးရှော့စပေ့အာကာသနည်းပညာကုမ္ပဏီသည် လေကိုတွန်းအားအဖြစ် အသုံးပြုမည့် ကမ္ဘာ့ပထမဆုံး ဂြိုဟ်တုကို လွှတ်တင်ရန်စီစဉ်ထားကြောင်း ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

ခရီးရှော့စပေ့ ကုမ္ပဏီသည် လေကိုအသုံးပြုမည့် လျှပ်စစ် ဒုံးကန်အားစနစ်(ABEP) ခေါ် ဒုံးကန်အားစနစ်တစ်မျိုးကို တည်ဆောက်ထားကြောင်း သိရသည်။

ABEP ဒုံးကန်အားစနစ်သည် ကမ္ဘာ့လေထုလွှာအတွင်းရှိ လေကို ရယူအပူဓာတ်ပေး၍ လျှပ်စစ်ဓာတ်ဆောင် အိုင်ယွန်များအဖြစ် ပြောင်းလဲပြီး တွန်းကန်အား ထုတ်ပေးနိုင်ကြောင်း သိရသည်။

ABEP ဒုံးကန်အားစနစ်သည် ကမ္ဘာ့မြေပြင်အထက် မိုင် ၆၀ နှင့် ၂၅၀ ကြားတွင်ရှိသော ပတ်လမ်းပေါ်မှ ဂြိုဟ်တုများအတွက် လောင်စာရည်အကူအညီမပါဘဲ လေထုလွှာပွတ်အား အကူအညီဖြင့် ပျံသန်းနိုင်မည်ဖြစ်သည်။

ABEP ဒုံးကန်အားစနစ်အသုံးပြုထားသည့် ဂြိုဟ်တုများသည် အလွန်နိမ့်သော ကမ္ဘာ့ပတ်လမ်းပေါ်တွင် နေရာယူပျံသန်းနိုင်မည်ဖြစ်ကြောင်း ခရီးရှော့စပေ့အာကာသနည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ခရီးရှော့စပေ့အာကာသနည်းပညာကုမ္ပဏီသည် ABEP ဒုံးကန်အားစနစ်သုံးဂြိုဟ်တုကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အောင်ပွဲရ မြန်မာပိုက်ကျော်ခြင်းအသင်း မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့် ငွေတံဆိပ်များရရှိခဲ့သည့် အောင်ပွဲရ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယနေ့နံနက် ၉ နာရီခွဲက မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း သိရသည်။



မြန်မာပိုက်ကျော်ခြင်းအသင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ကူညီပံ့ပိုးပေးခဲ့သော ကုမ္ပဏီများ၊ ပိုက်ကျော်ခြင်း အသင်းသားများ၏ မိသားစုဝင်များက ဂုဏ်ပြုလက်ဆောင် ပန်းစည်းများဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ်များစွာ ဆွတ်ခူးခဲ့ပြီး ယခုနှစ်ပြိုင်ပွဲတွင်လည်း အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် ရွှေတံဆိပ်၊ အမျိုးသား ကွင်းသွင်းခြင်းပြိုင်ပွဲတွင် ငွေတံဆိပ်၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်၊ အမျိုးသမီးကွင်းသွင်းခြင်း ပြိုင်ပွဲတွင် ငွေတံဆိပ် စုစုပေါင်း ရွှေတံဆိပ် တစ်ခုနှင့်ငွေတံဆိပ်သုံးခု ဆွတ်ခူးခဲ့သည်။

ထို့နောက် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ Park Royal Hotel Grand Ballroom ၌ကျင်းပခဲ့ကြောင်း သိရသည်။

STA

# WBO ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံ ဒက်ဗင်ဟန်နေးက IBF ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံ လီအန်းပါရိုကို စိန်ခေါ်

နယူးယောက် ဩဂုတ် ၁၂

WBO ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဒက်ဗင်ဟန်နေးသည် IBF ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံ ခါးပတ်ကို ရယူလိုသည့်အတွက် ဩစတြေးလျလက်ဝှေ့သမား IBF ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံ လီအန်းပါရိုကို စိန်ခေါ်ခဲ့ကြောင်း Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရှုံးပွဲမရှိသေးသည့် ဒက်ဗင်ဟန်နေးသည် ဝယ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ ဖြစ်လိုသည့်အတွက် အဖွဲ့ချုပ် အသီးသီး၏ ကမ္ဘာ့ချန်ပီယံများကို စိန်ခေါ် မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ လီအန်းပါရိုသည်လည်း ရှုံးပွဲတစ်ပွဲသာရှိသေးသည့် ကမ္ဘာ့ချန်ပီယံတစ်ဦး ဖြစ်ပြီး ဒက်ဗင်ဟန်နေးထံမှ WBO ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံကို ရယူလိုကြောင်း ပြောကြားခဲ့သည်။

ဒက်ဗင်ဟန်နေးက "WBO ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံ ခါးပတ်ကိုတော့ ပိုင်ဆိုင်ထားပါပြီ။ IBF ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်ကို လိုချင်ပါတယ်။ ဒါကြောင့် လီအန်းနဲ့ထိုးသတ်သွားချင်ပါတယ်။ လီအန်းအနေနဲ့ စိန်ခေါ်မှုကို လက်ခံလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Deadspin

Trs : AZL




# ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလအသုံးစရိတ် အခြားဥရောပထိပ်တန်းလိဂ်လေးခုထက် များပြားနေ

လန်ဒန် ဩဂုတ် ၁၂

လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ကစားသမား အပြောင်းအရွှေ့ အသုံးစရိတ်မှာ အခြား ဥရောပထိပ်တန်းလိဂ်လေးခုထက် များပြားနေကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ၂၀၂၆ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် စပါးအသင်း၊ ချဲလ်ဆီးအသင်း၊ အာဆင်နယ်အသင်း၊ မန်စီးတီးအသင်း အစရှိသည့် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းများသည် ကစားသမားအပြောင်းအရွှေ့များတွင် ယူရိုသန်း ၁၀၀ ကျော် အပြောင်းအရွှေ့ အများအပြား လုပ်ဆောင်လာခဲ့ပြီးနောက် ပြောင်းရွှေ့ကြေးအသုံးစရိတ်မှာလည်း များစွာမြင့်တက်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းက နော့တင်ဟမ်အသင်းမှ အန်ဒါဆန်၊ ချဲလ်ဆီးအသင်းက အေဗီလာအသင်းမှ ရော်ဂျာ၊ စပါးအသင်းက နယူးကာဆယ်အသင်းမှ တိုနာလီ၊ အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းမှ ဂူမာရေစ့်အစရှိသည့်ကစားသမားများကို စံချိန်တင် ပြောင်းရွှေ့ကြေးများ အသုံးပြုပြီး ခေါ်ယူထားသကဲ့သို့ အခြားအသင်းများကလည်း ကစားသမားအများအစုကိုခေါ်ယူထားပြီး ပရီးမီးယားလိဂ်ကလပ်အသင်းများ၏ ပြောင်းရွှေ့ကြေးအသုံးစရိတ်မှာ ယူရို ၂ ဒသမ ၀၅ ဘီလီယံထိ ရှိလာခဲ့ပြီးနောက် အခြား ဥရောပထိပ်တန်းလိဂ်လေးခုထက် ပြောင်းရွှေ့ကြေး အသုံးစရိတ် များပြားနေခြင်းဖြစ်သည်။

လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင်အခြား ဥရောပ ထိပ်တန်းလိဂ်လေးခုဖြစ်သည့်စပိန်လာလီဂါ၊ ဂျာမန်ဘွန်ဒက်လီဂါ၊ အီတလီစီးရီးအေ၊ ပြင်သစ်လီဂူးဝမ်းပြိုင်ပွဲတို့၌ ကစားသမားအပြောင်းအရွှေ့အတွက် အသုံးစရိတ်မှာယူရို၂ ဒသမ ၀၄၇ဘီလီယံ သာသုံးထားသည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲက အခြားဥရောပထိပ်တန်းလိဂ်လေးခုထက် များပြားနေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

# FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စကော့တီရှက်ဖလာနှင့် မက်အီရှိုင်းတို့ ပါဝင်ယှဉ်ပြိုင်မည်

တန်နက်ဆီ ဩဂုတ် ၁၂

အမေရိကန်နိုင်ငံ တန်နက်ဆီပြည်နယ် မမ်ဖစ်မြို့တွင် ကျင်းပမည့် FedEx St Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) အမေရိကန်ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာနှင့် ကမ္ဘာ့အဆင့်(၂) မြောက်အိုင်ယာလန် ဂေါက်သီးရိုက် ကစားသမား မက်အီရှိုင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ကမ္ဘာ့အကောင်းဆုံး ဂေါက်သီးရိုက် ကစားသမားနှစ်ဦး ပါဝင် ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက် ပရိသတ်စိတ်ဝင်စားမှုနှုန်း မြင့်တက်လျက်ရှိပြီး အခြားသောနှစ်များထက် ပို၍ အကြိတ်အနယ် ရှိလာမည်ဖြစ်ကြောင်း သုံးသပ်ချက်များထွက်ပေါ်လာခဲ့သည်။

စကော့တီရှက်ဖလာက "ဒီနှစ် FedEx St Jude Championship ဂေါက်သီးရိုက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့ ဆုံးဖြတ်ထားပါတယ်။ ကျွန်တော့်မိတ်ဆွေကြီး မက်အီရှိုင်းလဲ ပါဝင်ယှဉ်ပြိုင်သွားမယ်လို့သိရပါတယ်။ သူနဲ့ ကျွန်တော်ပြိုင်ပွဲတွေမှာ Tee Time မတူတာကြာပါပြီ။ ဒီပြိုင်ပွဲမှာတော့ Tee Time တူတယ်လို့လဲ သိရပါတယ်။ ပရိသတ်တွေနဲ့ တန်နက်ဆီမှာ ပြန်လည်ဆုံတွေ့ဖို့အတွက် စိတ်လှုပ်ရှားနေပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic

Trs : AZL

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ရာသီဝက်နောက်ဆုံးပွဲစဉ်များကို ဩဂုတ် ၁၃ ရက်မှ ၁၆ ရက်ထိ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပထမရာသီဝက် နောက်ဆုံးပွဲစဉ်များကို ဩဂုတ် ၁၃ ရက်မှ ၁၆ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ရာသီဝက်နောက်ဆုံးပွဲစဉ် မတိုင်မီ ပွဲစဉ် ၁၂ ပွဲကစားပြီးချိန်တွင် ISPEအသင်းက ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းကလည်း ရှစ်ပွဲနိုင်၊ သုံးပွဲ သရေ၊ တစ်ပွဲရှုံး ရမှတ် ၂၇ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်ထားကာ ရာသီဝက် ချန်ပီယံအတွက် ဖိအားပေး လျက်ရှိသည်။




မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ရာသီဝက်နောက်ဆုံးပွဲစဉ် များအဖြစ် ဩဂုတ် ၁၃ ရက်တွင် ဖယ်ကွန်အက်ဖ်စီအသင်းနှင့်သစ္စာအားမာန်အသင်း၊ ဩဂုတ် ၁၄ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်း၊ ဂလက်ဆီ အက်ဖ်စီအသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်း၊ ရှေဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ ကစားမည်ဖြစ်သည်။

ဆက်လက်ပြီးဩဂုတ် ၁၅ ရက်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်း၊ ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်စီးတီးအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# အီတလီနိုင်ငံ စစ္စလီကျွန်းရှိ အက်နာမီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးငွေ့များ ပျံ့နှံ့နေသဖြင့် လေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့



**ရောမ ဩဂုတ် ၁၂**

အီတလီနိုင်ငံ စစ္စလီကျွန်းရှိ အက်နာမီးတောင်သည် ဩဂုတ် ၁၁ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်အတွင်းမှ မီးခိုးငွေ့များ နေရာအနှံ့သို့ ပျံ့နှံ့ရောက်ရှိနေသောကြောင့် လေကြောင်းခရီးစဉ်များကို ယာယီဆိုင်းငံ့ထားကြောင်း အီတလီလေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အက်နာ မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေကြောင်းခရီးစဉ်များ ပြေးဆွဲနိုင်ခြင်းမရှိသေးသည့်အတွက် စစ္စလီကျွန်းသို့ ရောက်ရှိနေသည့် ခရီးသည်များ ပြန်လည်ထွက်ခွာနိုင်ခြင်းမရှိသေးသကဲ့သို့ အစ္စလီကျွန်းသို့ လာရောက်လိုသည့် ခရီးသည်များလည်း ဝင်ရောက်နိုင်ခြင်းမရှိသေးသည့် အခြေအနေဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေကြောင်းခရီးစဉ် ၁၉ ခုကို ယာယီဆိုင်းငံ့ထားပြီး မီးတောင်ပေါက်ကွဲမှု အခြေအနေပေါ်မူတည်၍ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"အက်နာမီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းကနေ မီးခိုးငွေ့တွေ နေရာအနှံ့ပျံ့နှံ့နေပါတယ်။ မီးခိုးငွေ့တွေကြောင့် လေကြောင်းခရီးစဉ်တွေ အန္တရာယ်ရှိနိုင်လို့ လေကြောင်းခရီးစဉ် ၁၉ ခုကို ယာယီဆိုင်းငံ့ထားပါတယ်" ဟု စစ္စလီကျွန်းသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ထိုင်းအပါအဝင် အရှေ့တောင်အာရှနိုင်ငံတချို့တွင် စူပါအယ်နီညိုရာသီဥတုဖြစ်ပေါ်နေ

**ဗန်ကောက် ဩဂုတ် ၁၂**

ထိုင်းနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတချို့တွင် စူပါအယ်နီညိုရာသီဥတု ဖြစ်ပေါ်နေကြောင်း ထိုင်းနိုင်ငံ ရာသီဥတုပြောင်းလဲမှုနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဗဟိုဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းဒေသများတွင် စူပါအယ်နီညိုရာသီဥတု၏ ကြီးမားသော ရိုက်ခတ်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး စူပါအယ်နီညိုရာသီဥတု၏ ရိုက်ခတ်မှုမှာ ခန့်မှန်းရခက်သည့် အခြေအနေဖြစ်ကာ စူပါအယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်ပမာဏသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သကဲ့သို့ မိုးခေါင်မှုသည်လည်း စားနပ်ရိက္ခာဖူလုံစွာ ထုတ်လုပ်နိုင်ရေးကဏ္ဍကို ခြိမ်းခြောက်လာနိုင်ကြောင်း ထိုင်းနိုင်ငံ ရာသီဥတုပြောင်းလဲမှုနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဗဟိုဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူရာချိုင်က ပြောကြားခဲ့သည်။

"အရှေ့တောင် အာရှနိုင်ငံတချို့မှာ စူပါအယ်နီညိုရာသီဥတု ဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် ထိုင်းနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းမှာ ကြီးမားတဲ့ရိုက်ခတ်မှုတွေဖြစ်လာနိုင်တယ်။ စူပါအယ်နီညိုရာသီဥတုရဲ့ ရိုက်ခတ်မှုက ခန့်မှန်းရခက်တယ်။ လောလောဆယ် ခန့်မှန်းချက်အရကတော့ အပူချိန်မြင့်တက်မှုနဲ့ မိုးခေါင်မှုတွေဖြစ်လာနိုင်တယ်။ စူပါအယ်နီညိုရာသီဥတု ရိုက်ခတ်မှုကြောင့် ရင်ဆိုင်ရနိုင်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဟာ တောင်သူတွေကို အခက်တွေ့စေလိမ့်မယ်" ဟု ထိုင်းနိုင်ငံ ရာသီဥတုပြောင်းလဲမှုနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဗဟိုဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူရာချိုင်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကိုလံဘီယာနိုင်ငံအနောက်ပိုင်းတွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် သေဆုံးသူ ၂၅၄ ဦးထိရှိလာပြီး ပိတ်မိနေသူများကို ကြိုးစားရှာဖွေနေ

**ဘိုဂိုတာ ဩဂုတ် ၁၂**

ကိုလံဘီယာနိုင်ငံ အနောက်ပိုင်းတွင် ဩဂုတ် ၁၀ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်ကြောင့် သေဆုံးသူ ၂၅၄ ဦးထိ ရှိလာပြီး ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ကြိုးပမ်းရှာဖွေနေကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါငလျင်သည် ကိုလံဘီယာနိုင်ငံ၏ အဓိကကော်ဖီစိုက်ပျိုးရာဒေသကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် ကျန်းမာရေးစင်တာများ အက်ကွဲခြင်း၊ ယိမ်းယိုင်ခြင်းနှင့် ပြိုကျခြင်းများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ရရှိထားသည့် သတင်းများအရ သေဆုံးသူ ၂၅၄ ဦးထိရှိလာပြီး ကယ်ဆယ်ရေးသမားများက ပြိုကျနေသည့် အဆောက်အအုံများ၏ အပျက်အစီးများကြားတွင် အသက်ရှင်ကျန်ရစ်သူများကို ကယ်တင်နိုင်ရေးမြေဇာများကို လက်ဖြင့် တူးဖော်ခြင်းနှင့် စက်ယန္တရားများ



အသုံးပြု၍ တူးဖော်ခြင်းဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေကြကြောင်း သိရသည်။

အဆိုပါငလျင်သည် ကိုလံဘီယာနိုင်ငံ၏ လက်ရှိရာစုနှစ်အတွင်း အဆိုးရွားဆုံးငလျင်ဖြစ်လာခဲ့ပြီး အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများနှင့် လူသေဆုံးမှုများလည်း ဆက်လက်မြင့်တက်လာနိုင်ကြောင်း၊ လက်ရှိတွင် ကိုလံဘီယာအစိုးရက ငလျင်ဒဏ်သင့်ဒေသများသို့ သွားရောက်ကာ နေအိမ်များ ဆုံးရှုံးခဲ့ရသူများကို အစားအစာနှင့်ဆေးဝါးများ ပံ့ပိုးပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဂျပန်နိုင်ငံ အီဘာရာကီစီရင်စုတွင် တိုင်ဖွန်းမုန်တိုင်းချန်ဟွန် ဝင်ရောက်လာသဖြင့် လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုများဖြစ်ပေါ်

**တိုကျို ဩဂုတ် ၁၂**

ဂျပန်နိုင်ငံအရှေ့ပိုင်း အီဘာရာကီစီရင်စုတွင် တိုင်ဖွန်းမုန်တိုင်းချန်ဟွန် ဝင်ရောက်လာသဖြင့် လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုများ ဖြစ်ပေါ်နေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA) က ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

မုန်တိုင်းသည် ဂျပန်နိုင်ငံ၏ အရှေ့မှ အနောက်သို့ ထူးခြားသည့်ဦးတည်ချက်ဖြင့် ရွေ့လျားလာနေသဖြင့် ဂျပန်နိုင်ငံ၏ မိုးလေဝသ မှတ်တမ်းများအရ ၁၉၅၁ ခုနှစ်နောက်ပိုင်း ပထမဆုံး ကုန်းတွင်းသို့ ဝင်ရောက်လာမည့်တိုင်ဖွန်းမုန်တိုင်းဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA) က ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ယခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ၁၅ ခုမြောက် တိုင်ဖွန်းမုန်တိုင်းဖြစ်သည့် ချန်ဟွန်သည် ကန်တို-ကိုရှင်ဒေသတွင် မိုးရေချိန် မီလီမီတာ ၁၈၀ ထိ၊ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ တိုဟိုကူဒေသတွင် မိုးရေချိန် မီလီမီတာ ၁၅၀ ထိ၊ တိုကိုင်းအလယ်ပိုင်းဒေသတွင် မိုးရေချိန် မီလီမီတာ ၁၂၀ ထိနှင့် အနောက်ပိုင်းကင်ကီဒေသတွင် မိုးရေချိန် မီလီမီတာ ၈၀ ထိ မိုးရွာသွန်းနိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA) က ခန့်မှန်းထားသည်။

မုန်တိုင်းကြောင့် လေပြင်းတိုက်ခတ်မှုများ၊ မိုးသည်းထန်စွာရွာသွန်းမှုများနှင့်အတူ ရေကြီးရေလျှံမှု၊ မြေပြိုမှုများဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများအနေဖြင့် မိုးလေဝသ အခြေအနေများကို အထူးဂရုပြုရန် သက်ဆိုင်ရာအာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကနေဒါနိုင်ငံအနောက်ပိုင်းတွင် တောမီးလောင်ကျွမ်းပြီး လူနေအိမ်များသို့ ကူးစက်လာသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား

**အော့တဝါ ဩဂုတ် ၁၂**

ကနေဒါနိုင်ငံ အနောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးသည် လူနေအိမ်များသို့ ကူးစက်လာသောကြောင့် ဒေသခံဦးရေ ၂၀၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထားကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေတိုက်နှုန်းမြင့်မားခြင်း မရှိသော်လည်း ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုနှုန်းမှာ မြန်ဆန်နေပြီး တောမီးကို ထိန်းချုပ်နိုင်ရေးထက် လူနေအိမ်များသို့ ကူးစက် လောင်ကျွမ်းနေသည့် တောမီးကို ဦးစားပေး ငြိမ်းသတ်လျက်ရှိကြောင်း၊ တောမီးအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် အမြောက်အမြား သုံးစွဲထားသကဲ့သို့ မက္ကဆီကိုနိုင်ငံအစိုးရကလည်း တောမီးကို ငြိမ်းသတ်ရာတွင် ကူညီပေးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ကျော် စေလွှတ်ပေးထားကြောင်း သိရသည်။

"စကာဟာလိတ်ဧရိယာနဲ့ အိုဂါနာဂန်လိတ် ဧရိယာအနီးမှာ တောမီး လောင်ကျွမ်းမှုဖြစ်ပေါ်နေပါတယ်။ တောမီးကူးစက်မှုနှုန်း မြန်ဆန်နေပြီးတော့ လူနေအိမ်တွေဆီကိုလဲ တောမီးကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးကြောင့် အသက် ၈၀ အရွယ် အမျိုးသမီးတစ်ယောက် သေဆုံးခဲ့ပါတယ်" ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ချပ်မန်းက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# GLP-1 ထိုးဆေးများ အဝလွန်ရောဂါကုသမှု၏ မျှော်လင့်ချက်အသစ်လား

**မန္တလာဆရာမျိုး**




မကြာသေးမီနှစ်များအတွင်း GLP-1 ထိုးဆေးများသည် ကမ္ဘာတစ်ဝန်းကျန်းမာရေးလောကတွင် လူပြောအများဆုံး ဆေးအုပ်စုများထဲမှ တစ်ခုဖြစ်လာသည်။ လူမှုကွန်ရက်များနှင့် သတင်းမီဒီယာများတွင် ပိန်ဆေး၊ ကိုယ်အလေးချိန်ကျစေသောဆေးဟု အများဆုံးဖော်ပြကြသော်လည်း GLP-1 ထိုးဆေးများ၏ မူလသဘောတရားနှင့် အသုံးပြုရသည့်ရည်ရွယ်ချက်မှာ ထိုထက် ပို၍ကျယ်ပြန့်သည်။ ၎င်းဆေးများသည် အစာစားချင်စိတ်ကို ထိန်းညှိပေးခြင်း၊ သွေးတွင်းသကြားဓာတ်ကို ကောင်းမွန်စွာ ထိန်းသိမ်းပေးခြင်းနှင့် ကိုယ်အလေးချိန်လျှော့ချရာတွင် ကူညီပေးခြင်းတို့ကြောင့် အမျိုးအစား(၂)ဆီးချိုရောဂါနှင့် အဝလွန်ရောဂါကုသမှုတွင် အရေးပါသည့်နေရာတစ်ခုရရှိလာခြင်းဖြစ်သည်။

GLP-1 ထိုးဆေးဆိုသည်မှာ Glucagon-Like Peptide-1 ဟုခေါ်သော ခန္ဓာကိုယ်အတွင်း သဘာဝအတိုင်း ထွက်ရှိသည့် ဟော်မုန်းတစ်မျိုးဖြစ်သည်။ လူတစ်ဦး အစားအစာစားသုံးပြီးနောက် အူလမ်းကြောင်းမှ GLP-1 ဟော်မုန်းထွက်လာပြီး အစာစားပြီးကြောင်းကို ဦးနှောက်နှင့် ခန္ဓာကိုယ်အတွင်းရှိ အခြားအင်္ဂါများသို့ သတင်းပို့ပေးသည်။ ထိုဟော်မုန်းသည် အင်ဆူလင်ထွက်ရှိမှုကို အားပေးခြင်း၊ သွေးတွင်းသကြားဓာတ်ကို မြင့်တက်စေသော Glucagon ဟော်မုန်းထွက်ရှိမှုကို လျှော့ချပေးခြင်း၊ အစာအိမ်မှ အစာလွှတ်နှုန်းကို နှေးကွေးစေခြင်းနှင့် ဗိုက်ပြည့်သည့်ခံစားချက်ကို ပိုမိုကြာရှည်စေခြင်းတို့ကို ပြုလုပ်ပေးသည်။

GLP-1 ဆေးများသည် ခန္ဓာကိုယ်အတွင်းရှိ သဘာဝ GLP-1 ဟော်မုန်း၏ လုပ်ဆောင်ချက်ကို တုပပေးသောဆေးများဖြစ်သည်။ ဆေးဝါးသိပ္ပံအခေါ် ၎င်းတို့ကို GLP-1 Receptor Agonists ဟု ခေါ်သည်။ "Agonist"ဆိုသည်မှာ ခန္ဓာကိုယ်ရှိ သက်ဆိုင်ရာ အာရုံခံမှုကို လှုံ့ဆော်ပေးပြီး သဘာဝဟော်မုန်းနှင့် တူညီသည့်လုပ်ဆောင်ချက်ကို ဖြစ်ပေါ်စေသော ပစ္စည်းဟု နားလည်နိုင်သည်။ ထို့ကြောင့် GLP-1 ဆေးကို အသုံးပြုလိုက်သောအခါ အစားစားပြီးနောက် ခန္ဓာကိုယ်က ပုံမှန်ထက် ပိုမိုပြည့်ဝနေသကဲ့သို့ ခံစားရစေပြီး အစားအစာစားသုံးမှုပမာဏကို လျှော့ချနိုင်ရန် ကူညီပေးသည်။

အဝလွန်သူများအတွက် အဓိကပြဿနာမှာ အစားစားချင်စိတ်ကို မထိန်းနိုင်ခြင်းဖြစ်သည်။ အစားစားချင်စိတ်မထိန်းနိုင်ခြင်းကြောင့် စားသုံးမှုများနေခြင်းမဟုတ်ဘဲ ဦးနှောက်အတွင်းရှိ ဆာလောင်မှုဆိုင်ရာ အချက်ပြစနစ်များ၊ ဟော်မုန်းများ၊ မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်အခြေအနေများကပါ သက်ရောက်နေတတ်သည်။ ကိုယ်အလေးချိန်လျှော့ချရန် ကြိုးစားသည့်အခါ ခန္ဓာကိုယ်က မူလကိုယ်အလေးချိန်ကို ပြန်လည်ထိန်းသိမ်းရန် ကြိုးပမ်းသဖြင့် ဆာလောင်မှုပိုများလာခြင်း၊ အစားအစာကို ပိုမိုတောင့်တလာခြင်းနှင့် စားသုံးမှုကို ရေရှည်မထိန်းနိုင်ခြင်းတို့ ဖြစ်တတ်သည်။

GLP-1 ဆေးများသည် ထိုဆာလောင်မှုအချက်ပြစနစ်များကို ထိန်းညှိပေးနိုင်သောကြောင့် လူနာအချို့တွင် အစားအစာအပေါ် အမြဲစဉ်းစားနေခြင်း၊ မကြာခဏ snack စားချင်ခြင်း၊ အဆီများသောအစားအစာနှင့် အချိုများကို ပြင်းပြင်းထန်ထန်တောင့်တခြင်းတို့ လျော့နည်းလာနိုင်သည်။ အစားအစာအနည်းငယ်စားရုံဖြင့်လည်း ဗိုက်ပြည့်သည့်ခံစားချက်ရရှိလာနိုင်သဖြင့် နေ့စဉ်စားသုံးသည့် စုစုပေါင်း ကယ်လိုရီပမာဏကို လျှော့ချနိုင်သည်။ ၎င်းသည် ကိုယ်အလေးချိန်ကျဆင်းစေသော အဓိကအကြောင်းရင်းဖြစ်သည်။

လက်ရှိတွင် လူအများကြားသိနေရသော GLP-1 ထိုးဆေးအမည်များတွင် Semaglutide၊ Liraglutideနှင့် Dulaglutide တို့ ပါဝင်သည်။ ဆေးတစ်မျိုးနှင့်တစ်မျိုး၏ ထိုးရသည့်အကြိမ်ရေ၊ သုံးစွဲရသည့်ရည်ရွယ်ချက်နှင့် ခွင့်ပြုထားသည့် ရောဂါအခြေအနေများမှာ မတူညီနိုင်သည်။ အချို့ဆေးများကို အမျိုးအစား (၂) ဆီးချိုရောဂါအတွက် အဓိကအသုံးပြုကြပြီး အချို့ကို အဝလွန်ရောဂါနှင့် ကိုယ်အလေးချိန်ထိန်းချုပ်ရေးအတွက် အသုံးပြုခွင့်ရရှိထားသည်။

Tirzepatide ကိုလည်း GLP-1 ဆေးအဖြစ် အလွယ်တကူ ခေါ်ဆိုတတ်ကြသော်လည်း သိပ္ပံနည်းကျကြည့်လျှင် ၎င်းသည် GLP-1 တစ်မျိုးတည်းကိုသာ လှုံ့ဆော်ပေးသောဆေး မဟုတ်ပေ။ Tirzepatide သည် GIP (Glucose-dependent insulinotropic palypeptide)နှင့် GLP-1 receptor နှစ်မျိုးစလုံးကို လှုံ့ဆော်ပေးသည့် Dual Agonist ဆေးဖြစ်သည်။ ထို့ကြောင့် ဆာလောင်မှုလျှော့ချခြင်း၊ ဗိုက်ပြည့်စေခြင်းနှင့် သွေးတွင်းသကြားဓာတ်ထိန်းညှိပေးခြင်းတို့တွင် လမ်းကြောင်းနှစ်မျိုးမှ လုပ်ဆောင်ပေးနိုင်သည်။

GLP-1 ထိုးဆေးများ၏ အကျိုးကျေးဇူးကို ကိုယ်အလေးချိန်ကျခြင်းတစ်ခုတည်းနှင့် တိုင်းတာ၍ မရပေ။ အချို့သော GLP-1 ထိုးဆေးများတွင် နှလုံးသွေးကြောဆိုင်ရာ အကျိုးကျေးဇူးများလည်းရှိနိုင်ပြီး နှလုံးရောဂါအန္တရာယ်မြင့်မားသူများတွင် နှလုံးဖောက်ခြင်းနှင့် လေဖြတ်ခြင်းကဲ့သို့သော ပြဿနာများဖြစ်ပွားနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဖော်ပြထားသည်။

သို့သော် GLP-1 ထိုးဆေးများကို ထိုးလိုက်သည်နှင့် အလိုအလျောက်ပိန်သွားမည့် အံ့ဖွယ်ဆေးဟု မယူဆသင့်ပေ။ ၎င်းဆေးများသည် ဆာလောင်မှုနှင့် အစားစားချင်စိတ်ကို ထိန်းညှိပေးသောကုသရေးဆေးသာဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံ၊ ကိုယ်လက်လှုပ်ရှားမှုနှင့် အပြုအမူပြောင်းလဲခြင်းတို့ကို အစားထိုးပေးနိုင်ခြင်း မရှိပေ။ ဆေးထိုးနေစဉ် အချိုရည်များ၊ ကယ်လိုရီများသော snack များနှင့် fast food များကို ဆက်လက်စားသုံးနေပါက မျှော်မှန်းထားသည့်ရလဒ်ကို ရရှိရန် ခက်ခဲနိုင်သည်။

GLP-1ထိုးဆေးကို သုံးသင့်၊မသုံးသင့်ဆိုသည်ကို ကိုယ်တိုင်ဆုံးဖြတ်၍ မရပေ။ အများအားဖြင့် BMI 30 kg/m²နှင့် အထက်ရှိသော အဝလွန်သူများ သို့မဟုတ် BMI 27 kg/m²နှင့်အထက်ရှိပြီး သွေးတိုးရောဂါ၊ အမျိုးအစား (၂) ဆီးချိုရောဂါ၊ သွေးတွင်းအဆီဓာတ်မြင့်ခြင်းကဲ့သို့ ကိုယ်အလေးချိန်နှင့် ဆက်စပ်သော ရောဂါအခြေအနေ တစ်ခုခုရှိသူများတွင် ဆရာဝန်က စဉ်းစားပေးရသည်။ ဆရာဝန်က BMI တစ်ခုတည်းကိုသာ ကြည့်ခြင်းမဟုတ်ဘဲ လူနာ၏အသက်၊ ရောဂါမှတ်တမ်း၊ လက်ရှိသောက်သုံးနေသော ဆေးများ၊ အသည်းနှင့် ကျောက်ကပ်အခြေအနေ၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ပြဿနာများနှင့် ကုသမှုတို့ကိုပါ ထည့်သွင်းစဉ်းစားရသည်။

ဆေးစတင်ချိန်တွင် ပမာဏနည်းနည်းမှ စတင်ပြီး အချိန်ကာလအလိုက် တဖြည်းဖြည်း တိုးပေးလေ့ရှိသည်။ ၎င်းကို Dose Escalation ဟု ခေါ်သည်။ ဆေးပမာဏကို တစ်ခါတည်းမြင့်မားစွာ သုံးစွဲပါက ပျို့ခြင်း၊ အန်ခြင်းနှင့် ဝမ်းလျှောခြင်းကဲ့သို့သော ဘေးထွက်ဆိုးကျိုးများ ပိုမိုပြင်းထန်လာနိုင်သဖြင့် ဆရာဝန်ညွှန်ကြားသည့် အချိန်ဇယားအတိုင်းသာ အသုံးပြုသင့်သည်။ ဆေးပမာဏတိုးရန် အလျင်မလိုသင့်သကဲ့သို့ ဘေးထွက်လက္ခဏာများ ရှိနေချိန်တွင်လည်း ဆရာဝန်နှင့် တိုင်ပင်ခြင်းမရှိဘဲ ဆေးပမာဏကို ကိုယ်တိုင်ပြောင်းလဲခြင်း မပြုသင့်ပေ။

**❖ GLP-1 ထိုးဆေးကို သုံးသင့်၊ မသုံးသင့်ဆိုသည်ကို ကိုယ်တိုင် ဆုံးဖြတ်၍ မရပေ။ အများအားဖြင့် BMI 30 kg/m²နှင့် အထက်ရှိသော အဝလွန်သူများ သို့မဟုတ် BMI 27 kg/m²နှင့် အထက်ရှိပြီး သွေးတိုးရောဂါ၊ အမျိုးအစား (၂) ဆီးချိုရောဂါ၊ သွေးတွင်းအဆီဓာတ်မြင့်ခြင်းကဲ့သို့ ကိုယ်အလေးချိန်နှင့် ဆက်စပ်သော ရောဂါအခြေအနေတစ်ခုခုရှိသူများတွင် ဆရာဝန်က စဉ်းစားပေးရသည်။ ဆရာဝန်က BMI တစ်ခုတည်းကိုသာ ကြည့်ခြင်း မဟုတ်ဘဲ လူနာ၏ အသက်၊ ရောဂါမှတ်တမ်း၊ လက်ရှိသောက်သုံးနေသော ဆေးများ၊ အသည်းနှင့် ကျောက်ကပ်အခြေအနေ၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာပြဿနာများနှင့် ကုသမှုတို့ကိုပါ ထည့်သွင်း စဉ်းစားရသည်။ ❖**

GLP-1 ထိုးဆေးများ၏ အများဆုံးတွေ့ရသော ဘေးထွက်ဆိုးကျိုးများမှာ ပျို့ခြင်း၊ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဝမ်းချုပ်ခြင်း၊ ဗိုက်နာခြင်း၊ ရင်ပြည့်ခြင်းနှင့် အစာမကြေခြင်းတို့ဖြစ်သည်။ အစာအိမ်မှ အစာလွှတ်နှုန်းကို နှေးကွေးစေသောကြောင့် အစာစားပြီးနောက် ပြည့်တင်းနေခြင်း၊ လေချဉ်တက်ခြင်း သို့မဟုတ် အနည်းငယ်စားရုံဖြင့် မအီမသာဖြစ်ခြင်းတို့လည်း ဖြစ်နိုင်သည်။ အဆိုပါလက္ခဏာများသည် ဆေးစတင်သုံးစွဲသည့်အချိန်နှင့် ဆေးပမာဏတိုးချိန်များတွင် ပိုမိုတွေ့ရတတ်သည်။

ဘေးထွက်ဆိုးကျိုး လျော့နည်းစေရန် တစ်ကြိမ်စားသုံးသည့် အစားအစာပမာဏကို လျှော့ချ၍ အနည်းငယ်စီ စားခြင်း၊ အဆီများသောအစားအစာများကို ရှောင်ရှားခြင်း၊ အစာကို ဖြည်းဖြည်းစားခြင်း၊ ဗိုက်ပြည့်လာသည်နှင့် ဆက်မစားတော့ခြင်းနှင့် ရေဓာတ်လုံလောက်စွာ သောက်သုံးခြင်းတို့ ပြုလုပ်သင့်သည်။ ပျို့ခြင်း သို့မဟုတ် အန်ခြင်း ရှိနေချိန်တွင် အစားအစာကို အတင်းအကြပ် မစားသင့်သကဲ့သို့ ရေဓာတ်ခန်းခြောက်ခြင်း မဖြစ်စေရန်လည်း ဂရုစိုက်ရမည်။

အများအားဖြင့် ပျို့ခြင်း၊ အန်ခြင်းကဲ့သို့သော လက္ခဏာများသည် အချိန်ကြာလာသည်နှင့် လျော့နည်းနိုင်သော်လည်း ပြင်းထန်သောဘေးထွက်ဆိုးကျိုးများကို ပေါ့ပေါ့ဆဆ မထားသင့်ပေ။ ဗိုက်အပေါ်ပိုင်း ပြင်းပြင်းထန်ထန်နာပြီး နောက်ကျောသို့ ပျံ့နှံ့နာကျင်ခြင်း၊ ဆက်တိုက်အန်ခြင်း၊ ရေမသောက်နိုင်ခြင်း၊ ဆီးနည်းလာခြင်း၊ မျက်လုံးနှင့် အသားဝါလာခြင်း သို့မဟုတ် ပြင်းထန်သောဝမ်းဗိုက်ဖောင်းတင်းခြင်းများဖြစ်ပေါ်ပါက ဆရာဝန်နှင့် အမြန်ဆုံးပြသ သင့်သည်။ ၎င်းတို့သည် ပန်ကရိယရောင်ခြင်း၊ သည်းခြေအိတ်နှင့် သည်းခြေလမ်းကြောင်းပြဿနာ သို့မဟုတ် အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ပြင်းထန်သည့်ပြဿနာတို့နှင့် ဆက်စပ်နိုင်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

# သုံးနားညီ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၂၁ ရက်မှစတင်ကာ fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




ရန်ကုန် ဩဂုတ် ၁၃

ခွန်သာချို ရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သုံးနားညီ ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၂၁ ရက်မှစတင်ကာ fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ထူးထူး (ကမ္ဘာကျော်)ထံမှ သိရသည်။

အဆိုပါ သုံးနားညီ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ခွန်သာချိုက ရေးသားထားပြီး ဒါရိုက်တာ ထူးထူး (ကမ္ဘာကျော်)က ခွန်သာချို ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"မကြာတော့တဲ့အချိန်မှာ for-tune tv ကနေ ကျွန်တော့်ရဲ့ သုံးနားညီဆိုတဲ့ ဇာတ်လမ်းတွဲကို ထုတ်လွှင့်ပေးတော့မှာ ဖြစ်ပါတယ်။ ကြည့်ရှုသူတွေအနေနဲ့ ကြည့်ရှုရကျိုးနပ်စေမဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ဇာတ်လမ်းဇာတ်အိမ်ကောင်းကောင်းကို သရုပ်ဆောင်အား ကောင်းကောင်းနဲ့ ရိုက်ကူးထားပါတယ်"ဟု ဒါရိုက်တာ ထူးထူး(ကမ္ဘာကျော်)က ပြောပြသည်။

ခွန်သာချို ရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သုံးနားညီ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ခွန်သာချို၊ ခိုင်နီး၊ နေပိုင်၊ မောင်မောင်မျိုးသန့်၊ ကျော်ဇင်ထွဋ်၊ ထက်ထက်ထွန်း၊ မြတ်ကေသီအောင်၊ ခင်စိုးပိုင်၊ ဝါဝါအောင်၊ ခင်မိုမို့အေး၊ မာယသာ၊ မိုးမြင့်မြတ်စိုး၊ ကလေးသရုပ်ဆောင် ယွန်းလေးနှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# မဂျိုးကို ဘယ်လိုပြောရပါ့ ရုပ်သံဇာတ်လမ်းတွဲ Media Press Show ပြုလုပ်

ရန်ကုန် ဩဂုတ် ၁၃

MRTV-4၊ HEY Play Application နှင့် HEY Play YouTube Channel တို့တွင် ထုတ်လွှင့်ပြသလျက်ရှိသည့် မဂျိုးကို ဘယ်လိုပြောရပါ့ ရုပ်သံဇာတ်လမ်းတွဲ Media Press Show ကို ဩဂုတ် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Kantharyar Shopping Center၊ Mingalar Cinemas တို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာ ခင်လှိုင်ကြူ၏ အောင်မြင်ထင်ရှားသည့် မဂျိုးကို ဘယ်လိုပြောရပါ့ဝတ္ထုကို ရွှေပြည့်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ဝင်းထွန်းထွန်း(အနုပညာပြချက်)က ရွှေနဒီရွှေရည် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"မဂျိုးကို ဘယ်လိုပြောရပါ့ ဝတ္ထုလေးက ရှေ့မှာ နှစ်ခုရိုက်ခဲ့တာရှိပါတယ်။ ဒါရိုက်တာ ဦးဝင်း




ထွန်းထွန်းနဲ့ရိုက်ချင်လို့ သဘောကျ လက်ခံရိုက်ကူးဖြစ်ခဲ့တာပါ။ ဒီဝတ္ထုကို ပထမပိုင်းက မသိဘူး။ လက်ခံပြီးတော့မှသိတာပါ။ ကိုယ်ပါဝင်သရုပ်ဆောင်ရမဲ့နေရာကလ ကိုတာ အငယ်ကောင်နေရာကပါ။ ကျွန်တော်လဲ တအားစိတ်ဝင်စားသွားတာပါ။ အစပိုင်းက လူငယ်ပုံစံနဲ့ နောက်ပိုင်း ရင့်ကျက်တည်ငြိမ်တဲ့ပုံစံနဲ့ မြင်တွေ့ရမှာမို့ ပရိသတ်တွေ သဘောကျမှာပါ"ဟု သရုပ်ဆောင် ထူးအောင်က ပြောပြသည်။

မဂျိုးကို ဘယ်လိုပြောရပါ့ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထူးအောင်၊ ညီထွဋ်ခေါင်၊ ဇင်မျိုး၊ ရဲမွန်၊ ဦးဝင်းမြင့်၊ စိုင်းဝေမျိုးသော်၊ လင်းသန့်၊ ဘုန်းမြတ်မောင်၊ သဇင်နွယ်ဝင်း၊ ဝင်းမင်းသန့်၊ မှူးထိပ်ထား၊ သင်ဇာဝင်းပြည့်၊ နန်းခမ်းဝါ၊ ရေကြည်ချမ်းမြ၊ ရွှန်းရွှန်း၊ စွဲငြိထင်၊ သုန္ဒြေဦးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# ဩဂုတ် ၁၄ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် ကံညြေ့သည် ရုပ်ရှင်ဇာတ်ကား Red Carpet Show ပြုလုပ်

ရန်ကုန် ဩဂုတ် ၁၃

ဩဂုတ် ၁၄ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် ကံညြေ့သည် ရုပ်ရှင်ဇာတ်ကား Red Carpet Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ဩဂုတ် ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကံညြေ့သည် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လူညိုချောနှင့် မယ်မင်းဘုံတို့က ရေးသားထားပြီး သီလံက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မယ်မင်းဘုံက အောင်သီရိရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားထဲမှာ မိသားစုတွေက တစ်ယောက်နဲ့ တစ်ယောက် အချစ်တွေကမတူညီကြဘူးလေ။ အဲဒီအချစ်တွေက သားအမိကြားက အချစ်တွေလ မတူညီပြန်ဘူးပေါ့။ ပုဂံက ဘုရားတွေ၊ ရှုခင်းအလှအပတွေ၊ ရာသီဥတုပူပူမှာ ရင်ထဲအပူတွေနဲ့ရော အကောင်းဆုံးပုံဖော်သရုပ်ဆောင်ပေးကြတဲ့ အနုပညာမောင်နှမတွေ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု အဆိုပါရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာ မယ်မင်းဘုံက ပြောပြသည်။

ကံညြေ့သည် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် တိုင်ရွှန်၊ ရှိန်းတင့်ထူး၊ ညီနန္ဒအောင်ခိုင်၊ ဆင်မ၊ ကျော်ထက်အောင်၊ ရွှေမိုး၊ ငွေတိုး၊ သန့်ဇင်၊ အေးချမ်းမိုး၊ ဖူးမြင့်ဇော်၊ ခိုင်နှင်းဝေ၊ ရွှေသမီး၊ ဆုအိမ့်စံ၊ စိုးမိုးကြည်၊ ရွှေပုံ၊ အေးအေးအောင်၊ ဝါဝါအောင်နှင့် အခြားသရုပ်ဆောင် များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Blur သိပ္ပံအက်ရှင်ဇာတ်ကားကို ဒါရိုက်တာ ကီရီးဆိုကိုလော့ ရိုက်ကူးမည်

နယူးယောက် ဩဂုတ် ၁၂

Netflix ကုမ္ပဏီ၏ Blur အမည်ရှိ သိပ္ပံအက်ရှင်ဇာတ်ကားကို ဒါရိုက်တာ ကီရီးဆိုကိုလော့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ကီရီးဆိုကိုလော့သည် They Will Kill You လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားကို ရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Blur ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Blur ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ကီရီးဆိုကိုလော့က ဇာတ်ညွှန်းရေးဆရာ အယ်လန်ရှန်မင်းနှင့် ပူးတွဲရေးသားထားသည်။

လက်ရှိ Blur ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

ရုရှားလူမျိုးဒါရိုက်တာ ကီရီးဆိုကိုလော့သည် Why Don't You Just Die ဇာတ်ကားဖြင့် စတင်အောင်မြင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Starman ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး အိုင်စလင်းဘီအာ ပါဝင်လာ

နယူးယောက် ဩဂုတ် ၁၂

Starman အမည်ရှိ သိပ္ပံလျှို့ဝှက်သည်းဖို ရုပ်ရှင်ဇာတ်ကား၌ အိုင်ယာလန်မင်းသမီး အိုင်စလင်းဘီအာ ပါဝင်လာကြောင်း ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

Starman ဇာတ်ကားတွင် မင်းသမီး အိုင်စလင်းဘီအာသည် မင်းသား ဘရန်ဒန်ဖရေဆာ၊ ဂျက်ဒန်နီရယ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Starman ဇာတ်ကားသည် အင်္ဂလိပ်သို့ သမိုင်းဝင်စူးစမ်းလေ့လာရေးခရီးထွက်ခွာခဲ့သည့် ဗိသုကာပညာရှင်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Starman ဇာတ်ကားကို ဒါရိုက်တာ ဂျိုဝါကီလီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ၎င်းကိုယ်တိုင် တာဝန်ယူရေးသားပေးထားသည်။

လက်ရှိအချိန်တွင် Starman ဇာတ်ကားကို ဩစတြေးလျနိုင်ငံ၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# President of the Republic of the Union of Myanmar U Min Aung Hlaing deliveres an address at the International Youth Day 2026



**President U Min Aung Hlaing addresses the International Youth Day 2026 celebration.**

**Nay Pyi Taw August 12**

Myanmar observed the International Youth Day 2026, held with the theme "Different Contexts, Common Aspirations", at MICC 1 this morning. President of the Republic of the Union of Myanmar U Min Aung Hlaing delivered an address at the ceremony and presented awards to youths, who won outstanding awards and gold medals at the international competitions.

Also present were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Commander-in-Chief of Defence Services General Ye Win Oo, union ministers and union level dignitaries, senior military officers from Office of the Commander-in-Chief, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, departmental personnel, social affairs ministers of regions and states, members of Myanmar Youth Affairs Central Committee and Myanmar Youth Affairs Work Committee, rectors, outstanding youths, youth representatives from regions and states, representatives of youths with disabilities, marine youths, aviation youths, scouts, red cross youths, teachers and students from universities, colleges, and institutions in Nay Pyi Taw, representatives from associations, and invited guests.

First, the President and attendees paid respect to the Flag of the Republic of Union of Myanmar.

Students from No (11) basic education high school in Nay Pyi Taw Council Area staged a song "the Capability of Youth" in honour of the youths.

In his address, the President said in accord with the resolution of the First World Conference of Ministers Responsible for Youth, held in Portugal in 1998, the 12th of August was declared the International Youth Day. Till this year, the International Youth Day has been observed for 27 years in the participating countries since it was established.

Today's event hails the important role of the youths across the world and their strength and capability. So, it is also a Day on which involvement of the voices, views and vigor of youth in national development undertakings is highlighted.

Everyone has noticed the rapid global changes of the current era. Dealing with material changes and digital and AI development, alongside climate change, natural disasters and economic challenges has become a common global problem that goes beyond the borders of individual countries.

In fact, active involvement, ability to convert challenges into opportunities and innovative power of the new generation youths are the main driving force in solving the said global problem.

Here, a systematic approach is vital to support young people. It helps materialize their visions and opportunities and overcome their hardships. Excerpts of the key facts on World Population 2026 by the United Nations says that the global population of youth between age 1 and 24 is about 1.3 billion, and that over half of them are residing in countries with low-income or lower-medium-income.



**President U Min Aung Hlaing awards Ma Chue Kay Khine Kyaw, an ME (Arch) (Coursework) student.**



**President U Min Aung Hlaing awards Mg Chit Min Aung, a Grade-12 student from the Institute of Sports and Physical Education (Monywa).**

Moreover, it highlights the requirement of investments for the improvement of youths' health and social economy, creation of quality education and decent employment opportunities, and full involvement of youths in the society.

Reflecting these circumstances, the United Nations has designated **"Different Contexts, Common Aspirations"** as the theme for International Youth Day 2026. The theme highlights that, despite differences in the countries, social conditions and backgrounds in which the youth live, they share common aspirations to uphold their dignity and rights, promote opportunities for meaningful participation, and create a sustainable and prosperous future.

Furthermore, this year's theme recognizes the youth in developing countries, who face various challenges in gaining full access to opportunities, as a dynamic force actively and meaningfully participating at the forefront of community development processes. It also emphasizes the need for countries and societies to recognize this contribution, provide the necessary support and resources for the youth, and ensure that no youth's potential is left behind in global development efforts.

Countries around the world are placing emphasis on ensuring young people have access to education and learning opportunities, which serve as fundamental building blocks for their holistic development, and on promoting their physical and mental well-being as they work to support and enhance the future prospects of youth. In addition, they are focusing on creating more employment opportunities and enabling young people to acquire the 21st-century skills.

At the ASEAN regional level, efforts are also being made to promote sustainable development and employment opportunities that encompass social entrepreneurship and innovation, with the aim of preparing young people to be ready for the future. Furthermore, in line with the ASEAN Community Vision 2045, the ASEAN Work Plan on Youth (2026-2030) has been adopted and is being implemented to create greater opportunities for young people in the ASEAN region to participate in climate change responses, disaster prevention and preparedness, peacemaking initiatives, and development processes.

According to the 2024 Population and Housing Census, Myanmar has a total population of more than 51.37 million, of whom approximately 16.78 million are the youth, making the country one with a large youth population. More than 8.4 million people aged between 15 and

*See Page 13*



President U Min Aung Hlaing observes a commemorative booth.

*From Page 12*

24 accounts for over 16 per cent of the country's total population. As this age group corresponds largely to the period of upper secondary and university education, ensuring a high school enrolment rate and providing systematic education and training will enable young people to acquire extensive knowledge and skills. This younger generation represents an invaluable human resource for the nation's development and serves as a key driving force in shaping a better future.

Therefore, it is of great importance to nurture the youth into a new generation equipped with the five forms of strength, who value and love the nation, are committed to promoting Myanmar society, and possess sound thinking and good habits.

As the holistic development of Myanmar's youth constitutes a fundamental foundation and a key driving force for national development, it is necessary to place greater emphasis on and give priority to the development of the youth sector. Therefore, under the new government, the former Ministry of Sports and Youth Affairs has been restructured into two separate ministries—the Ministry of Sports and the Ministry of Youth Affairs—to give greater attention to the development of the youth sector.

The newly established Ministry of Youth Affairs is also required to create greater opportunities for the holistic development of the youth and to enhance their capabilities and potential. It is also important to provide the youth with opportunities to make meaningful contributions to their communities and to help them become a driving force in nation-building.

In today's era, advances in technology and international cooperation have expanded and strengthened opportunities for the youth in education, employment and entrepreneurship. These developments provide important impetus and opportunities for the youth to actively participate in regional and global development processes.

The new generation of the youth who are proficient in modern technologies and capable of navigating the digital world can keep pace with the global community and contribute to positive change. Therefore, the State needs to give due recognition to their innovation, entrepreneurial spirit and independent thinking, while creating greater opportunities for them to realize their potential.

He stressed that while information flows rapidly and drives progress in today's digital world, young people must remain mindful of the challenges that need to be addressed. He urged them to cultivate critical thinking skills to distinguish right from wrong when using technology, and emphasized the need to adhere to AI ethics and remain vigilant regarding cybersecurity. He concluded by calling on youth to avoid actions that harm the development and dignity of their nation and people, and to stand firmly as responsible digital citizens.

He emphasized the need to strive for national development in alignment with a changing world, stressing that it is equally crucial to preserve national characteristics, traditional cultural heritage, and national spirit. He urged youth to become patriotic individuals who master modern technology while valuing their traditional cultural traits, thereby promoting the nation's dignity and standing on the global stage.

He stated that as global connections and networking continue to advance rapidly, young people need to actively participate in the international community. He added that the state is continuously providing support to enable Myanmar youth to stand shoulder to shoulder with the global community as constructive representatives of the nation.

He emphasized that in today's developing era, it is essential to build a peaceful, stable, and harmonious society alongside these ongoing changes, as this is the only way to realize the fruits of sustainable development. He added that if the younger generation contributes their mature perspectives and correct actions toward peacebuilding efforts, their combined strength will greatly support achieving the shared goals of peace and development.

In line with this year's International Youth Day theme, **"Different Contexts, Common Aspirations,"** he stressed the need to harness the diverse perspectives of young people and explore approaches that drive the country's socioeconomic development. He urged everyone to unite the talents and resources of youth into a collective strength to address common challenges together.

He strongly urged all young men and women of the new generation across the nation to strive, through today's 2026 International Youth Day ceremony, to become good citizens who contribute to their environment and country, youth who effectively utilize modern technologies, experts who create innovations, and individuals who discover solutions for socioeconomic development.

The President urged youths across the nation to strive not only to be well-versed in knowledge and education but also to equip themselves with modern technological skills. He called on them to actively participate in state-building tasks with a high sense of duty and accountability by leveraging their valuable and brilliant talents. Furthermore, the President encouraged them to train and nurture themselves to become outstanding and virtuous national treasures capable of taking over future national development responsibilities through a generational handoff, serving as reliable pillars for the country.

The President then presented awards to outstanding youths who won distinctions and gold medals in international competitions. The awardees included:

Ma Thaw Dar Oo, a Grade-11 student from No. (2) Basic Education High School (Mudon), who won the Winner Award as Myanmar's representative artist at the 27th High School Students' Art Festival in Japan;

Ma Chan Myae La Wun Thant, a second-year International Relations student from Naypyitaw State Academy, who received the Best Position Paper Award at the UNESCAP Asia-Pacific Trade Facilitation Forum X Paperless Trade Week-2026 held in Thailand;

Ma Chue Kay Khine Kyaw, an ME (Arch) (Coursework) student, who secured the Winner Award representing Myanmar at the HONDA Y.E.S. (Young Engineer and Scientist's) Award 2025 in Japan;

Mg Chit Min Aung, a Grade-12 student from the Institute of Sports and Physical Education (Monywa), who bagged a gold medal in the javelin throw event at the 17$^{th}$ SEA U18 & U20 Athletics Championships in Indonesia, another gold medal at the 14th ASEAN School Game in Brunei, and a bronze medal at the 68th Singapore Open Track & Field Championships held in Singapore; and

Police Sergeant Thura Aung, who won a gold medal in the sitting volleyball competition at the 13$^{th}$ ASEAN Para Games 2026 in Thailand.

Subsequently, Union Minister for Youth Affairs Dr. Maung Thin read out the message sent by the United Nations Secretary-General for International Youth Day 2026.

Following this, the Union Minister for Youth Affairs, in his capacity as Vice-Chairman (1) of the Myanmar Central Committee for Youth Affairs, respectfully presented a commemorative gift for International Youth Day to the President.

The President and attendees then watched a video clip documenting youth holistic development activity to mark International Youth Day 2026.

Afterward, youth representative Ma Chan Myae La Wun Thant delivered a speech of thanks. Artistes from the Ministry of Hotels, Tourism and Culture then performed a song titled "Shining Stars of the Future Youth." The President and attendees subsequently posed for documentary group photos and the President warmly greeted those in attendance.

Following the ceremony, the President and attendees toured the booths featuring youth entrepreneurs from regions, states, ministries and associations organized to mark International Youth Day 2026, viewing the exhibits with keen interest.

MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# တရုတ်နိုင်ငံထုတ် Y-20B လေယာဉ်က စစ်ဘက်သယ်ယူပို့ဆောင်ရေးတာဝန်အပြင် အီလက်ထရွန်နစ်စစ်ဆင်ရေးများတွင်လည်း အသုံးပြုနိုင်ခဲ့



တရုတ်နိုင်ငံထုတ် Y-20B သယ်ယူပို့ဆောင်ရေးလေယာဉ်သည် စစ်ဘက်သယ်ယူပို့ဆောင်ရေး တာဝန်များအပြင် ပိုမိုကျယ်ပြန့်သည့် အီလက်ထရွန်နစ်စစ်ဆင်ရေး တာဝန်များကိုလည်း ထမ်းဆောင်နိုင်သည့် လေယာဉ်အဖြစ် အသုံးပြုနိုင်ခဲ့ကြောင်း Interesting Engineering သတင်းဌာနက ဩဂုတ် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်စစ်ဘက်၏ ထုတ်ပြန်ချက်များအရ အဆိုပါလေယာဉ်သည် မစ်ရှင်အမျိုးအစားများစွာ ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ဒီဇိုင်းရေးဆွဲထားပြီး၊ ဝေဟင်ဆီဖြည့်တင်းရေးမှစ၍ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် အခြားအထူးစစ်ဆင်ရေးတာဝန်များထိ ထမ်းဆောင်နိုင်ကြောင်း သိရသည်။

၎င်းဖွံ့ဖြိုးတိုးတက်မှုသည် တရုတ်နိုင်ငံ၏ စစ်ဘက်လေကြောင်းစွမ်းရည် ဖွံ့ဖြိုးပြောင်းလဲလာမှုတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သကဲ့သို့ တာဝန်အမျိုးမျိုးကို လိုအပ်သလိုပြောင်းလဲ ထမ်းဆောင်နိုင်သည့် ဘက်စုံသုံးလေယာဉ်များကို ဖော်ဆောင်လာသည့် ကမ္ဘာလုံးဆိုင်ရာ စစ်ဘက်လေကြောင်း နည်းပညာတိုးတက်မှုကိုလည်း ထင်ရှားစွာ ပြသနေသည်။

Y-20B လေယာဉ်သည် ဆီဖြည့်တင်းရေးကိရိယာများ တပ်ဆင်ပေးခြင်းဖြင့် ပုံမှန်သယ်ယူပို့ဆောင်ရေး လေယာဉ်အဖြစ်မှ ဝေဟင်ဆီဖြည့်တင်းရေး လေယာဉ်အဖြစ် အချိန်တိုအတွင်း ပြောင်းလဲအသုံးပြုနိုင်သည်။ တရုတ်စစ်ဘက်အရာရှိများ၏ ပြောကြားချက်များအရ Y-20 လေယာဉ်ကို ပုံမှန်အားဖြင့် ဗုံးကြဲလေယာဉ်များ၊ ဝေဟင်ကြိုတင်သတိပေးရေး လေယာဉ်များနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးများအတွက် ပြောင်းလဲအသုံးပြုနိုင်သည်။

တရုတ်နိုင်ငံ၏ Y-20B လေယာဉ်သည် ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်မှာ တရုတ်နိုင်ငံတွင်း၌ ကိုယ်တိုင်ထုတ်လုပ်သည့် WS-20 High-Bypass Turbofan အင်ဂျင်ဖြစ်သည်။

WS-20 အင်ဂျင်ကို အသုံးပြုလာခြင်းသည် အရေးပါသောတိုးတက်မှုတစ်ရပ်ဖြစ်သည်။ ခေတ်မီအရွယ်အစားကြီးမားသော သယ်ယူပို့ဆောင်ရေးလေယာဉ်များသည် ဝန်တင်ဆောင်မှုများစွာဖြင့် တာဝေးပျံသန်း စစ်ဆင်ရေးများဆောင်ရွက်နိုင်ရန် စွမ်းအားကောင်းမွန်ပြီး ယုံကြည်စိတ်ချရသည့်အပြင် လောင်စာဆီအသုံးပြုမှု ထိရောက်သောအင်ဂျင်များ လိုအပ်သည်။

WS-20 အင်ဂျင်သည် ယခင် Y-20 မော်ဒယ်များနှင့် နှိုင်းယှဉ်ပါက Y-20B ၏ ပျံသန်းစွမ်းဆောင်ရည်၊ လောင်စာဆီအသုံးပြုမှုထိရောက်မှုနှင့် ပျံသန်းနိုင်သည့်အကွာအဝေးတို့ကို ပိုမိုကောင်းမွန်စေကြောင်း သတင်းများအရ သိရသည်။

ထိုကဲ့သို့ စွမ်းဆောင်ရည်များ တိုးတက်လာခြင်းသည် Y-20B လေယာဉ် အထူးတာဝန် တစ်မျိုးစီအတွက် လေယာဉ်အုပ်စုသီးခြားစီ ထားရှိရမည့်အစား အခြေခံလေယာဉ်တစ်မျိုးတည်းကို မစ်ရှင်အမျိုးမျိုးအတွက် လိုအပ်သလို ပြင်ဆင်အသုံးပြုနိုင်သည့် မော်ဂျူလာပုံစံကို ရှာဖွေဖော်ထားခြင်းကြောင့် ဖြစ်သည်။ လက်ရှိအချိန်တွင် Y-20B လေယာဉ်ကို ဝေဟင်ဆီဖြည့်တင်းရေး လေယာဉ်အဖြစ် အသုံးပြုနိုင်မည့် အလားအလာပင်ဖြစ်သည်။

Y-20B နှင့် ပတ်သက်သည့်အကြောင်းအရာတွင် စိတ်ဝင်စားဖွယ်အကောင်းဆုံးအချက်မှာ လေယာဉ်များကို ဝေဟင်ဆီဖြည့်တင်းပေးနိုင်သည့် စွမ်းရည်တစ်ခုတည်းမဟုတ်ဘဲ မော်ဂျူလာပုံစံဖြင့် လိုအပ်သလို ပြောင်းလဲအသုံးပြုနိုင်သည့် အယူအဆ ပိုမိုကျယ်ပြန့်စွာ ပါဝင်နေခြင်းပင်ဖြစ်သည်။

မတူညီသော အထူးပြုကိရိယာအစုံအလင်များကို တပ်ဆင်အသုံးပြုခြင်းဖြင့် Y-20B လေယာဉ်ကို မတူညီသော အထူးတာဝန်များ ထမ်းဆောင်နိုင်သည့် လေယာဉ်အဖြစ်လည်းကောင်း ဝေဟင်ဆီဖြည့်တင်းရေးစနစ်များ တပ်ဆင်ပါက ဆီဖြည့်တင်းရေး လေယာဉ်အဖြစ်လည်းကောင်း၊ အီလက်ထရွန်နစ်ပစ္စည်းများတပ်ဆင်ခြင်းဖြင့် အီလက်ထရွန်နစ်စစ်ဆင်ရေးမစ်ရှင်များတွင် လည်းကောင်း ပြောင်းလဲအသုံးပြုနိုင်ကြောင်း သိရသည်။

**China's transport aircraft can play combat roles, turn into electronic warfare platform** ကို ဘာသာပြန်ဆိုထားပါသည်။

# အမေရိကန်မရိန်းတပ်ဖွဲ့က ယာဉ်တင်မိုက်ခရိုဝေ့လက်နက်စနစ်များ မှာယူရန် Epirus ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့

အမေရိကန် မရိန်းတပ်ဖွဲ့ (USMC) သည် ရန်သူ၏ ဒရုန်းအုပ်စုလိုက်တိုက်ခိုက်မှုများကို ချေမှုန်းနိုင်ရန်အတွက် ယာဉ်တင်မိုက်ခရိုဝေ့ လက်နက်စနစ် High-power Microwave Autonomous Vehicle Operational Capability (HAVOC) များကို အီလက်ထရွန်နစ်စစ်ဆင်ရေးကုမ္ပဏီ Epirus ထံမှ မှာယူရန် အမေရိကန် ဒေါ်လာ ၁၁ သန်းတန် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်သည် Epirus ကုမ္ပဏီ၏ Leonidas နည်းပညာကို အခြေခံထားခြင်းဖြစ်သည်။ ၎င်းကို မရိန်းတပ်ဖွဲ့သုံး မောင်းသူပါ၊ မောင်းသူမဲ့ မြေပြင်သွားစစ်သုံးယာဉ်မျိုးစုံတွင် လွယ်ကူစွာ တပ်ဆင်အသုံးပြုနိုင်ရန် Universal Sled Mount စနစ်ပုံစံမျိုးဖြင့် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အဆိုပါစနစ်သည် ၂၀၂၅ ခုနှစ်အတွင်း မရိန်းတပ်ဖွဲ့ထံ လွှဲပြောင်းပေးခဲ့သည့် ExDECS နည်းပညာကို ပိုမိုကောင်းမွန်လာစေရန် အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ Leonidas နည်းပညာတွင် အစိုင်အခဲစွမ်းအားမြင့် မိုက်ခရိုဝေ့အစိတ်အပိုင်းများနှင့် Gallium Nitride (GaN) amplifiers များကို အသုံးပြုထားသည်။ ထိုအစိတ်အပိုင်းများက လျှပ်စစ်သံလိုက်စွမ်းအင်များကို ထုတ်လွှတ်ပြီး စွမ်းအားမြှင့်တင်ပေးခြင်းဖြင့် ပျံသန်းလာသည့် ရန်သူ့ဒရုန်းအများအပြားကို တစ်ပြိုင်နက်တည်း ပစ်မှတ်ထားတိုက်ခိုက် ဖျက်ဆီးပစ်နိုင်မည်ဖြစ်သည်။

ယခင် ExDECS စနစ်နှင့် ယှဉ်လျှင် ယာဉ်တင်မိုက်ခရိုဝေ့ လက်နက်စနစ်သည် ပစ်ခတ်နိုင်သည့် စွမ်းအား ၃ ဆ ပိုမိုမြင့်မားလာပြီး ပစ်ခတ်နိုင်သည့် အကွာအဝေးလည်း ပိုမိုမြင့်မားလာသည်။ ထို့ပြင် ကြမ်းတမ်းသောရာသီဥတုနှင့် ပတ်ဝန်းကျင်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိလာသည့်အပြင် စစ်သည်များအတွက် ဆုံးဖြတ်ချက်ချမှု တာဝန်တစ်ခုလျှော့ချပေးနိုင်မည့် အလိုအလျောက်ထိန်းချုပ်စနစ်များလည်း ပါဝင်လာသည်။

"ဒီစာချုပ်ဟာ အရှိန်အဟုန်နဲ့ ပြောင်းလဲနေတဲ့ ဒရုန်းအန္တရာယ်တွေကို တုံ့ပြန်ဖို့ အဆင့်မြင့်ဆော့ဖ်ဝဲအခြေပြုစနစ်တွေကို ထိရောက်စွာ အသုံးပြုသွားမယ်ဆိုတဲ့ မရိန်းတပ်ဖွဲ့ရဲ့ သန္နိဋ္ဌာန်ကို ပြသလိုက်တာပါ။ HAVOC စနစ်ဟာ ExDECS နည်းပညာနဲ့ စတင်ခဲ့တဲ့ "စနစ်တစ်ခုတည်းနဲ့ ဒရုန်းအများအပြားကို တစ်ပြိုင်နက်တုံ့ပြန်နိုင်မှု" စွမ်းရည်ကို ပိုမိုခိုင်မာစေမှာဖြစ်သလို ရှေ့တန်းက မရိန်းစစ်သည်တွေနဲ့ တန်ဖိုးကြီးစစ်ရေးပစ်မှတ်တွေကို တိတိကျကျကာကွယ်ပေးနိုင်စွမ်းကို မြှင့်တင်ပေးပါလိမ့်မယ်"ဟု Epirus ကုမ္ပဏီ၏ CEO ဖြစ်သူ Andy Lowery က ပြောကြားခဲ့သည်။



HAVOC စနစ်သည် မရိန်းတပ်ဖွဲ့၏ လက်ရှိ လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့များတွင် အသုံးပြုနေသည့် Stinger ဒုံးကျည်များကဲ့သို့သော လေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် ဖြည့်စွက်အသုံးပြုရမည့် ရွေ့လျားဒရုန်းဖျက်စနစ်ဖြစ်သည်။

၎င်းစနစ်သည် ရှေ့တန်းစခန်းရှိ လေကြောင်းရန်ကာကွယ်ရေးစွမ်းအားစုများ၊ ဆီဂိုဒေါင်များ၊ ရေဒါများ၊ ဆက်သွယ်ရေးစက်များနှင့် စွမ်းအင်စနစ်များ အပါအဝင် အဓိကအဆောက်အအုံများကို ဒရုန်းတိုက်ခိုက်မှုများရန်မှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ထားသည်။

၎င်း၏ နောက်ဆုံးပေါ် မိုက်ခရိုဝေ့နည်းပညာသည် လွှမ်းမိုးမှုရေိယာနှင့် ထွက်ရှိစွမ်းအားကို ပိုမိုကျယ်ပြန့်စေရုံမက စစ်ဆင်ရေးအခြေအနေပေါ် မူတည်၍ အီလက်ထရွန်နစ်လှိုင်း သက်ရောက်မှုများကိုလိုအပ်သလို ဆော့ဖ်ဝဲဖြင့် ပြုပြင်ပြောင်းလဲ ပစ်ခတ်နိုင်မည်ဖြစ်သည်။

အဆိုပါစာချုပ်တွင် မရိန်းစစ်သည်များကို လေ့ကျင့်သင်ကြားပေးခြင်း၊ ဝန်ဆောင်မှုနှင့် စက်ပစ္စည်းထိန်းသိမ်းရေး ထောက်ပံ့မှုများပါဝင်ပြီး အနာဂတ်တွင် နောက်ထပ် စနစ်သစ်များကို ထပ်မံမှာယူနိုင်မည့် သဘောတူညီချက်များလည်း ပါဝင်ကြောင်း သိရှိရသည်။

**US Marines Order Epirus' Vehicle-Mounted Microwave Weapon to Zap Drone Swarms** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၀၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၀၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၅၃၁၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်၂၁၀၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နှမ်းဧက ၅၃၁၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ်ဘုတလင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးနီတူခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ဇူလိုင်လအတွင်းငါးနီတူခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လတစ်လအတွင်းက ငါးနီတူခြောက်ပိဿာချိန် ၄၀၀၀၀ သာ ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးနီတူခြောက်ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ပင်လယ်ငါးနီတူခြောက်ကို စနစ်တကျ ထုတ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်း ချနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ပိဿာချိန် ၅၂၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ ငါးနီတူခြောက်တွေက စနစ်တကျ သိုလှောင်ထားတဲ့ ငါးခြောက်တွေဖြစ်ပါတယ်။ ငါးနီတူခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာဖြစ်ပါတယ်'' ဟု ငပုတောမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။



ငပုတောမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးပိ၊ ငါးခြောက်များကိုပြုလုပ်ပြီး ငါးနီတူခြောက်များ အပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးနီတူခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပေါက်ခေါင်း ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းချိုကျေးရွာအုပ်စု လေးကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ လေးကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် ပြောင်း၊ သခွား၊ နှမ်း စသည့်စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ၊ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ် လေးကြီးကျေးရွာ၌စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းထံမှ သိရသည်။

ချိုလေး




# ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်၍ ကော်မတီဖွဲ့စည်း



**ပျော်ဘွယ် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေးဇီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် တစ်နိုင်တစ်ပိုင်စိုက် ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းထံမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့(International Youth Day-2026 )အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ထူးချွန်လူငယ်မောင်မယ်များ၊တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်များ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကိုစတင်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “လူငယ့်စွမ်းရည်” တေးသီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ၁၉၉၈ ခုနှစ် ပေါ်တူဂီနိုင်ငံတွင် ပထမအကြိမ်အဖြစ်ကျင်းပခဲ့သည့် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံဆုံးဖြတ်ချက်အရ နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုပါက ၂၇ နှစ်တိုင်တိုင်ရှိခဲ့ပြီဖြစ်ကြောင်း။

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသော လူငယ်များ၏အရေးပါလှသည့်အခန်းကဏ္ဍနှင့် လူငယ်များ၏အင်အားနှင့် စွမ်းဆောင်ရည်များကို အသိအမှတ်ပြုဂုဏ်ပြုကြိုဆိုသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၏အသံ၊ သဘောထားအမြင်နှင့် အားမာန်များကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်ကြရန် တိုက်တွန်းနှိုးဆော်အားပေးသည့်နေ့ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံတွင်ကျင်းပသည့် UNESCAP Asia – Pacific Trade Facilitation Forum X Paperless Trade Week-2026 တွင် အဆိုပြုတင်သွင်းလွှာ အာရှအဆင့်အကောင်းဆုံးဆု(The Best Position Paper Award) ရရှိခဲ့သည့် Naypyitaw State Academy နိုင်ငံတကာဆက်ဆံရေးပညာဒုတိယနှစ်မှ မချမ်းမြေ့လဝန်းသန့်ကို ဆုပေးအပ်ချီးမြှင့်စဉ်။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုသို့ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ၊ ဒစ်ဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၊ သဘာဝဘေးအန္တရာယ် ရိုက်ခတ်မှုများ၊ လူမှုစီးပွားစိန်ခေါ်မှုများသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ နယ်နိမိတ်များကို ကျော်လွန်ပြီး ကမ္ဘာလုံးဆိုင်ရာ ဘုံအရေးကိစ္စများအနေဖြင့် ပေါ်ပေါက်လျက်ရှိနေကြောင်း။

ယခုကဲ့သို့စိန်ခေါ်မှုများ ဖြေရှင်းဆောင်ရွက်သည့်အခါတွင်လည်း မျိုးဆက်သစ်လူငယ်များ၏ တက်ကြွသည့်ပေါင်းစည်းအား၊ အခက်အခဲကို အခွင့်အရေးအဖြစ် အသွင်ပြောင်းလဲနိုင်မှု အရည်အသွေးနှင့် ဆန်းသစ်တီထွင် ဖန်တီးနိုင်မှုများသည် အဓိကမောင်းနှင်အားများအဖြစ် ပါဝင်နေကြကြောင်း။

ထိုသို့ အနာဂတ်အတွက် အရေးပါသော စွမ်းအားစုများဖြစ်သည့် လူငယ်များ၏ ရည်မှန်းချက်နှင့် အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်ရန်နှင့် လူငယ်များကြုံတွေ့နေရသည့်အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ထိရောက်သည့်ပံ့ပိုးကူညီမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နိုင်ရေးသည်လည်း အလွန်ပင်အရေးကြီးလှကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေဆိုင်ရာ အဓိကအချက်အလက်များကိုကောက်နုတ်ဖော်ပြချက်အရ ယနေ့ကမ္ဘာပေါ်တွင် အသက် ၁၅ နှစ်နှင့် ၂၄ နှစ်ကြား လူငယ်လူဦးရေသည် ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး အဆိုပါလူငယ်လူဦးရေ၏ ထက်ဝက်ကျော်သည် ဝင်ငွေနည်းပါးသည့်နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်အောက်တွင်ရှိသည့် နိုင်ငံများတွင် နေထိုင်ကြသည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် လူငယ်များ၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝကောင်းမွန်စေရန် ရင်းနှီးမြှုပ်နှံပေးရေး၊ အရည်အသွေးရှိသည့် ပညာရေးနှင့် သင့်လျော်ကောင်းမွန်သည့်လုပ်ငန်းခွင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ လူ့အဖွဲ့အစည်းအတွင်း လူငယ်များအပြည့်အဝပါဝင်နိုင်ရန် ဆောင်ရွက်ပေးရေးတို့ကို ဖြည့်ဆည်းပေးရန် လိုအပ်နေသည်ကိုလည်း အလေးပေးဖော်ပြထားကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ထိုင်လျက်ဘောလီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ရဲတပ်ကြပ်သူရအောင်ကို ဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါအခြေအနေများကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ဆောင်ပုဒ်ကို **“နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား- Different Contexts, Common Aspirations”** အဖြစ် ရွေးချယ်သတ်မှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ လူငယ်များနေထိုင်ရာ နိုင်ငံနယ်နိမိတ်များ၊ အဆင့်အတန်းများ သို့မဟုတ် နောက်ခံအခြေအနေအကြောင်းအရာများက မတူကွဲပြားနေစေကာမူ လူငယ်အသီးသီး၏ဂုဏ်သိက္ခာများ၊ အခွင့်အရေးများ၊ ပူးပေါင်းပါဝင်ခွင့်များကို မြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသည့် အနာဂတ်ကို ဖန်တီးရေးတို့သည် လူငယ်များ၏တူညီသည့်မျှော်မှန်းချက်အဖြစ် တည်ရှိနေသည်ကို ယခုနှစ်ဆောင်ပုဒ်က မီးမောင်းထိုးပြနေကြောင်း။

ဆက်လက်ပြီး ယခုနှစ်ဆောင်ပုဒ်တွင် အခွင့်အလမ်းများ အပြည့်အဝရရှိနိုင်ရန်အတွက် စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေကြရသည့် ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးက လူငယ်များအနေဖြင့် လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ရှေ့တန်းမှ တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်နေကြသည့် စွမ်းအားတစ်ရပ်ဖြစ်သည်ကို ညွှန်းဆိုထားကြောင်း၊ အဆိုပါအချက်ကို နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းအသီးသီးက အသိအမှတ်ပြုပြီး လူငယ်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများတွင် လူငယ်တစ်ဦးတစ်ယောက်၏ စွမ်းအားကိုနောက်ကျကျန်မနေစေရန်အတွက် အလေးထားတိုက်တွန်းထားသည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လူငယ်များ၏ အနာဂတ်အလားအလာကောင်းများကို အားပေးမြှင့်တင်ဆောင်ရွက်သည့်အခါတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကအခြေခံအုတ်မြစ်များဖြစ်ကြသည့် ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရေး၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ထို့ပြင်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "လူငယ့်စွမ်းရည် " တေးသီချင်းဖြင့် သရုပ်ဖော်ကပြမှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်းက အပြည်ပြည် ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်စဉ်။

အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေးနှင့် လူငယ်များအတွက် လိုအပ်သည့် ၂၁ ရာစု တတ်ကျွမ်းမှုများကို သင်ယူနိုင်စေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

အာဆီယံဒေသ အဆင့်တွင်လည်း အနာဂတ်အတွက် အသင့်ဖြစ်နေသည့် လူငယ်များဖြစ်လာစေရန် လူမှုစွန့်ဦးတီထွင်မှုများ၊ ဆန်းသစ်တီထွင်ဖန်တီးမှုများ အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိနေကြကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်းလူငယ်များအနေဖြင့် ရာသီဥတုပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ၊

**၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ ဒသမ ၃၇ သန်းကျော်အနက် ၁၆ ဒသမ ၇၈ သန်းခန့်သည် လူငယ်များဖြစ်သည့်အတွက် မိမိတို့နိုင်ငံသည် လူငယ်အင်အားအများအပြားကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ် . . .**

**လူငယ်များကို ဗလငါးတန်နှင့် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့်အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့်ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီး . . .**

ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းပါဝင်လာနိုင်မည့် အခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ရန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ နှင့်အညီ အာဆီယံလူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ်(၂၀၂၆-၂၀၃၀)ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ ဒသမ ၃၇ သန်းကျော်အနက် ၁၆ ဒသမ ၇၈ သန်းခန့်သည် လူငယ်များဖြစ်သည့်အတွက် မိမိတို့နိုင်ငံသည် လူငယ်အင်အားအများအပြားကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် ၈ ဒသမ ၄ သန်းကျော်၊ နိုင်ငံ့လူဦးရေ စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော် ပါဝင်လျက်ရှိကြောင်း၊ ၎င်းတို့အရွယ်သည် အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ပညာသင်ကြားသည့်အရွယ်ဖြစ်သဖြင့် ကျောင်းနေရာခိုင်နှုန်းမြင့်မားအောင် ဆောင်ရွက်ပြီး စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်ဆိုပါက အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါမျိုးဆက်သစ်လူငယ်အင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့်လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ပုံဖော်သည့်နေရာတွင်လည်း အဓိကမောင်းနှင်အားများပင်ဖြစ်ကြကြောင်း။

ထို့ကြောင့် လူငယ်များကို ဗလငါးတန်နှင့် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့် အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့် ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးကြောင်း။

မြန်မာလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏အခြေခံအုတ်မြစ်၊ အဓိကအင်အားဖြစ်သည့်အတွက် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဦးတည်ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုမိမိတို့အစိုးရသစ်လက်ထက်တွင် ယခင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကို အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာန နှစ်ခုကို သီးခြားစီပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အသစ်ဖွဲ့စည်းပေးခဲ့သည့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပြီး စွမ်းရည်များနှင့် အလားအလာကောင်းများ တိုးတက်မြင့်မားလာစေရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူမှုအသိုက်အဝန်းအတွင်းတွင် လူငယ်များအနေဖြင့် အကျိုးရှိရှိပါဝင်ဆောင်ရွက်ခွင့်များရရှိစေပြီး နိုင်ငံတည်ဆောက်ရေး၏ စွမ်းအားအသွင်ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးရန်လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ခေတ်တွင် နည်းပညာများတိုးတက်လာမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှုအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်အားကောင်းလာသည်ကိုတွေ့ရကြောင်း၊ လူငယ်များကို ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်နိုင်ရန်အတွက် အရေးပါလှသည့် တွန်းအားတစ်ရပ်နှင့် အခွင့်အရေးပင်ဖြစ်ကြောင်း။

ခေတ်မီနည်းပညာနှင့် ဒစ်ဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်နိုင်စွမ်းရှိသည့် လူငယ်မျိုးဆက်သစ်များသည် ကမ္ဘာ့အသိုက်အဝန်းနှင့်ရင်ပေါင်တန်းပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်ကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင်နိုင်မှုနှင့် လွတ်လပ်သည့် အတွေးအခေါ်များကို နိုင်ငံတော်က အလေးအနက်ထားအသိအမှတ်ပြုပြီး အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း။

ယနေ့ဒစ်ဂျစ်တယ်ကမ္ဘာတွင် သတင်းအချက်အလက်များသည် လျင်မြန်စွာစီးဆင်းနေမှုနှင့်အတူ တိုးတက်မှုများရှိနေသကဲ့သို့ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေသည့်စိန်ခေါ်မှုများကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် နည်းပညာများကို အသုံးပြုရာတွင် အမှားအမှန်ကို ခွဲခြားသိမြင်နိုင်သည့် ဝေဖန်ပိုင်းခြားနိုင်မှု(Critical Thinking) ရှိရန်၊ AI အသုံးပြုမှုကျင့်ဝတ်၊ ဆိုက်ဘာ လုံခြုံရေးနှင့်ပတ်သက်ပြီး သတိရှိအလေးထားရန် လိုအပ်ကြောင်း၊ နိုင်ငံနှင့် လူမျိုး၏ဖွံ့ဖြိုးမှုဂုဏ်သိက္ခာကို ထိခိုက်စေမည့်လုပ်ရပ်များကို ရှောင်ကြဉ်ပြီး တာဝန်သိသည့် ဒစ်ဂျစ်တယ်နိုင်ငံသား (Responsible Digital Citizen)များအဖြစ် ရပ်တည်ကြရန် လိုအပ်သည်ကို အလေးထားမှာကြားလိုကြောင်း။

ပြောင်းလဲတိုးတက်နေသည့် ကမ္ဘာ့အသိုက်အဝန်းနှင့်လျော်ညီအောင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီးလှကြောင်း၊ ခေတ်မီနည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချရင်းဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများကိုတန်ဖိုးထားပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အဆင့်အတန်းကို ကမ္ဘာကသိအောင် မြှင့်တင်ပေးနိုင်သည့်၊ မျိုးချစ်စိတ်ဓာတ်ပြည့်ဝသည့် လူငယ်များဖြစ်လာအောင် ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စာမျက်နှာ ၁၈ သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၁၇ မှအဆက်

**ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားမှတစ်ဆင့် မိမိတို့၏ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်ကြသည့် နိုင်ငံသားကောင်းများ၊ ခေတ်သစ်နည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်သည့် လူငယ်များ၊ ဆန်းသစ်တီထွင်မှုများကိုဖန်တီးနိုင်သည့်ပညာရှင်များ၊ လူမှုစီးပွားအကျိုးပြုနည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သူများဖြစ်လာစေရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် မျိုးဆက်သစ်လူငယ်မောင်မယ်အားလုံးကို အထူးတိုက်တွန်းမှာကြားလို . . .**

ယနေ့ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်းဆက်သွယ်ဆောင်ရွက်မှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများသည် အချိန်နှင့်အမျှ တိုးတက်နေခြင်းဖြစ်သဖြင့် လူငယ်များအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအတွင်းတွင် တက်တက်ကြွကြွပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း၊ မြန်မာလူငယ်များသည် နိုင်ငံတော်၏အပြုသဘောဆောင်သည့် ကိုယ်စားလှယ်များအဖြစ် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ်အားပေးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း အသိပေးပြောကြားလိုကြောင်း။

ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်တွင် ပြောင်းလဲမှုများနှင့်အတူ တည်ငြိမ်အေးချမ်းပြီး သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်ရန်လိုအပ်ကြောင်း၊ သို့မှသာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်အသီးအပွင့်များကို ဖော်ဆောင်နိုင်မည်ပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင်လည်း မျိုးဆက်သစ်လူငယ်များ၏ ရင့်ကျက်သည့်အတွေးအခေါ်၊ မှန်ကန်သည့်လုပ်ရပ်စသည့် ပေါင်းစည်းအားများနှင့် ဆောင်ရွက်ကြမည်ဆိုပါက အားလုံးလိုချင်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုပန်းတိုင်ကို ရောက်ရှိရန် အထောက်အပံ့ များစွာရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား- Different Contexts, Common Aspirations"**နှင့်အညီ လူငယ်များ၏မတူကွဲပြားသည့် အတွေးအမြင်များကို ပေါင်းစည်းပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရန်လိုအပ်ကြောင်း၊ အားလုံးရင်ဆိုင်နေကြရသည့် စိန်ခေါ်မှုများကို အတူတကွ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ကြရာတွင် လူငယ်များ၏ အရည်အချင်းနှင့် အရင်းအမြစ်များကို စုစည်းစွမ်းအားအဖြစ်အသုံးပြုကြရန်လည်း အလေးအနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် ယနေ့ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားမှတစ်ဆင့် မိမိတို့၏ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက်အကျိုးပြုနိုင်ကြသည့်နိုင်ငံသားကောင်းများ၊ ခေတ်သစ်နည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်သည့် လူငယ်များ၊ ဆန်းသစ်တီထွင်မှုများကိုဖန်တီးနိုင်သည့် ပညာရှင်များ၊ လူမှုစီးပွားအကျိုးပြုနည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သူများဖြစ်လာစေရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် မျိုးဆက်သစ်လူငယ်မောင်မယ်အားလုံးကို အထူးတိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတစ်လွှားက လူငယ်မောင်မယ်များအားလုံး အသိပညာ၊ အတတ်ပညာများနှင့် ပြည့်ဝနေရုံသာမက ခေတ်မီနည်းပညာတတ်ကျွမ်းမှုများနှင့် ပြည့်စုံအောင်ကြိုးစားကြရန်၊ မိမိတို့၏ အဖိုးတန်ထက်မြက်လှသည့်စွမ်းရည်များကို နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူနိုင်သည့်၊ နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့ရတနာလူချွန်၊ လူကောင်းများဖြစ်လာအောင်ကြိုးစား လေ့ကျင့်ပျိုးထောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရထူးချွန်လူငယ်မောင်မယ်များဖြစ်ကြသည့် ဂျပန်နိုင်ငံတွင် ကျင်းပသည့် ၂၇ ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပန်းချီထူးချွန်ပညာရှင်(Winnerဆု)ရရှိခဲ့သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မုဒုံ)မှ Grade-11 ကျောင်းသူမသော်တာဦး၊ ထိုင်းနိုင်ငံတွင် ကျင်းပသည့် UNESCAP Asia-Pacific Trade Facilitation Forum X Paperless Trade Week-2026 တွင် အဆိုပြုတင်သွင်းလွှာအာရှအဆင့် အကောင်းဆုံးဆု(The Best Position Paper Award) ရရှိခဲ့သည့် Naypyitaw State Academy နိုင်ငံတကာဆက်ဆံရေးပညာ ဒုတိယနှစ်မှ မချမ်းမြေ့လဝန်းသန့်၊ ဂျပန်နိုင်ငံတွင် ကျင်းပသည့် HONDA Y.E.S(Young Engineer and Scientist's) Award 2025 တွင် မြန်မာနိုင်ငံ ကိုယ်စားပြုထူးချွန်အင်ဂျင်နီယာကျောင်းသူ(Winner ဆု)ရရှိခဲ့သော ME (Arch) (Coursework)မှ မခြူးကေခိုင်ကျော်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် 17th SEA U 18 & U 20 Athletics Championships လုံးတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ဘရူနိုင်းနိုင်ငံတွင် ကျင်းပသည့် 14th ASEAN School Game လုံးတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ စင်ကာပူနိုင်ငံတွင်ကျင်းပသည့် 68th Singapore Open Track & Field Championships လုံးတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုတို့ရရှိခဲ့သည့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ Grade-12 ကျောင်းသားမောင်ချစ်မင်းအောင်၊ ထိုင်းနိုင်ငံတွင် ကျင်းပသည့် ၂၀၂၆ ခုနှစ် ၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ၊ ထိုင်လျက်ဘောလီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ရဲတပ်ကြပ်သူရအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ပေးပို့သည့်သဝဏ်လွှာကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ(၁) လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မချမ်းမြေ့လဝန်းသန့်က ကျေးဇူးတင်စကားပြောကြားပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "အနာဂတ်လူငယ်ထွန်းတောက်ကြယ်" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်သမ္မတက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး



ရန်ကုန် ဩဂုတ် ၁၂

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးရန် ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်လမ်း အမှတ်(၁)(အေ)ရှိ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးသို့ ယနေ့မွန်းလွဲ ၂ နာရီတွင် သွားရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများကို သံရုံးဧည့်ခန်းမတွင်တွေ့ဆုံနှုတ်ဆက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysom-phone PHOMVIHANE ကွယ်လွန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့်စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလထိ ကိုးကြိမ်မြောက်နှင့် ၂၀၂၆ ခုနှစ် မတ်လတွင် ၁၀ ကြိမ်မြောက် လာအို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ကွယ်လွန်ချိန်ထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ယခု ကွယ်လွန်ချိန်တွင် အသက် ၇၀ နှစ်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စဉ့်ကိုင်မြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့်ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ရေးပစ္စည်းများပေးအပ်

မန္တလေး ဩဂုတ် ၁၂

မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များကြောင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေမြင့်တက်ခဲ့ပြီး ကျေးရွာအုပ်စု ၅ စု၊ ကျေးရွာ ၂၄ ရွာတွင် မြစ်ရေဝင်ရောက်ခဲ့သဖြင့် ရေဝင်ရောက်နေမှု၊ မြစ်ရေများကျေးရွာများအတွင်း ဖြတ်၍ အင်းအတွင်းစီးဆင်းနေမှု၊ အခြေခံပညာကျောင်းများ ယာယီပိတ်ထားရမှုတို့ကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာအုပ်စု ဆယ့်နှစ်ကိုင်းကျေးရွာ၊ ပလိပ်ကျေးရွာအုပ်စု အင်းလျား(န) ကျေးရွာ၊ တံတားဦးလေး+သာယာကျွန်း ကျေးရွာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပလိပ်ကျေးရွာအုပ်စုရှိ ရတနာလာဘမုနိဆုတောင်းပြည့် မြေဘုရားဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျန်းမာရေးဆိုင်ရာအသိပေးချက်များကို အထူးဂရုပြု လိုက်နာနေထိုင်ကြရန်၊ ရေဝင်နစ်မြုပ်ထိခိုက်ခဲ့သည့် စိုက်ပျိုးမြေများတွင် စနစ်တကျပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရေပြန်လည်ကျဆင်း၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါက နေရပ်အသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေး၊ ယာယီပိတ်ထားခဲ့ရသည့်အခြေခံပညာကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ၁၄၉၇ လုံး၊ အိမ်ထောင်စု ၁၆၀၉ စုမှ လူဦးရေ ၅၈၀၅ ဦး ရေဘေးသင့်ခဲ့ပြီး မိုးစပါး ၂၈၆ ဧက၊ နှမ်း ၅၇ ဧက၊ ပဲမြစ် ၇၃ ဧက၊ ဟင်းသီးဟင်းရွက် ၁၉၁ ဧက၊ အခြားပဲ ၇၄ ဧက၊ ငှက်ပျော ၁၀ ဧက၊ ဖူးစားပြောင်း ခုနစ်ဧက စုစုပေါင်း ၆၉၈ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ မူလတန်းလွန်ကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ငါးကျောင်းတို့ ယာယီပိတ်ထားခဲ့ကြောင်း၊ ရေဝင်ရောက်ရာဒေသများတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီ ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများကမ်း၍ လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)




နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။




ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများကို လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံခဲ့၍ နိုင်ငံ့သားကောင်း စစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများ အနေဖြင့် ၎င်းတို့၏ဘဝတွင် နိုင်ငံတော် အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်း လိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ် အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ် လည်းကောင်း၊ နိုင်ငံကြီးသားပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူ များအဖြစ်လည်းကောင်း သမိုင်းဝင် ကမ္ဗည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော် အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစား ဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင်ဆက်လက် အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများ အနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့ အတွက်

စာမျက်နှာ ၂၁ သို့



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇေ ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

"စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း အချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်း အချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်း ရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်ကာလပြည့် မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်း တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်းတက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သား မျိုးဆက်သစ်လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်း တစ်ခုပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး





ဖြစ်ပြီး တပ်မတော်နှင့် ပြည်သူအကြား ယုံကြည်မှု၊ အပြန်အလှန်လေးစားမှု၊ ကိုယ်ချင်းစာနားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ ကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးကစိတ်အား ထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့် ပြည်သူတစ်သားတည်း ဖြစ်တည်မှုကို အပြည့်အဝသက်သေထူသည့် သမိုင်းဝင်မှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

သတ်မှတ်ကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"အတွေ့အကြုံကတော့ အများကြီး ပေါ့။ ပညာတွေလဲ အများကြီးရတယ်။ ပြီးရင် ဗဟုသုတတွေ၊ ဆရာတွေ၊ ဆရာကြီးတွေ သင်ကြားပြသမှုတွေလဲ အရမ်းကောင်းလို့ ဒီလိုနေရာကို ကျွန်တော်တို့ ရောက်လာခဲ့တာပါ။ အများကြီး ကြိုးစားခဲ့တာပေါ့။ အိမ်ပြန်ရမယ်ဆိုတော့လဲ အရမ်းဝမ်းသာပါတယ်။ ပျော်လဲပျော်တာပေါ့။ နောက်လာမယ့် ညီအစ်ကိုတွေကိုလဲ ကျွန်တော် အစ်ကိုတစ်ယောက်အနေနဲ့ လက်တွဲခေါ်ပါတယ်။ ကြိုဆိုပါတယ်။ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

"ပြည်သူ့စစ်မှုထမ်းဆိုတာ နိုင်ငံသားတိုင်းထမ်းဆောင်ရမယ့် အရာဖြစ်တဲ့ အတွက် ကျွန်တော်လဲ အခုလိုမျိုး တာဝန်ထမ်းဆောင်ပြီး နှစ်နှစ်ပြည့်တော့ ပျော်ပါတယ်။ ကျွန်တော်တို့ ရှေ့တန်းမှာပင်ပန်းခဲ့သမျှကို ကျွန်တော်တို့ နောက်တန်းဌာနမှာ အထက်အကြီးအကဲတွေကနေ အခုလိုထွက်ခါနီးကို အခမ်းအနားနဲ့ ကျင်းပပေးလို့ ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ ပီတိလဲဖြစ်မိပါတယ်။ အကြီးအကဲတွေလဲ ကျေးဇူးတင်ပါတယ်။ နှစ်နှစ်တာကာလ ခွဲခွာခဲ့တဲ့ မိသားစုတွေနဲ့ တွေ့ချင်တာပေါ့။ အခုလိုမျိုး ပြန်ရတော့မယ်ဆိုတော့ ဝမ်းသာပါတယ်"ဟု ပြောသည်။

"ဒီပြည်သူ့စစ်မှုထမ်း နှစ်နှစ်ကာလမှာ အချိန်ကို အကျိုးရှိရှိ အသုံးချတတ်လာတယ်။ ဆရာကောင်းသမားကောင်းတွေနဲ့လဲ ကျွန်တော်တွေ့ခဲ့တယ်။ ကျွန်တော်တို့ နှစ်နှစ်ကာလမှာ မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်းတွေနဲ့လဲ တွေ့လာပါတယ်။ ယောကျ်ားတွေ တတ်သင့်တတ်ထိုက်တဲ့ ပညာရပ်တွေကိုလဲ ကျွန်တော်တို့ တတ်မြောက်လာပါတယ်။ ပြည်သူ့စစ်မှုထမ်း နှစ်နှစ်ကာလကို တာဝန်ကျေပွန်စွာ ပြီးဆုံးတဲ့အတွက်



ကျွန်တော့်ကိုယ် ကျွန်တော်လဲ အရမ်း ဂုဏ်ယူမိပါတယ်။ ကျွန်တော့်မိဘလဲ ကျွန်တော့်ကို ဂုဏ်ယူနေမယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။ (ဖြ၀၁)


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# ၃၂ ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုနှင့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ







ရန်ကုန် ဩဂုတ် ၁၂

၃၂ ကြိမ်မြောက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုနှင့် ပခုက္ကူ ဦးအုံးဖေပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ယနေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်းရှိ စာဆိုဗိမာန်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဝင်များ၊ စာရေးဆရာ၊ ဆရာမကြီးများ၊ စာပေဆုရပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အမှာစကားပြောကြားရာတွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာစာပေပညာရှင်တို့၏ ဝိုင်းဝန်းကြိုးပမ်းမှုများပါဝင်သကဲ့သို့ စာပေပညာရှင်များကို ချီးမြှောက်သည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကစာပေဆု တည်ထောင်သူများ၏ အားစိုက်ထုတ်မှုသည်လည်း အဓိကကျပါကြောင်း၊ ပခုက္ကူ ဦးအုံးဖေ စာပေဆုသည် ၁၉၉၄ ခုနှစ်တွင် စတင်ခဲ့သည့်အတွက် သက်တမ်းရှည်ပုဂ္ဂလိကစာပေဆုတစ်ခုဖြစ်ပါကြောင်း၊

ယနေ့ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၃ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူ စာရေးဆရာ၊ ဆရာမကြီးများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပခုက္ကူစာပေတစ်သက်တာဆုရရှိကြသည့် ဦးဖေငြိမ်း(ကျော်စောဟန်)နှင့် ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)တို့ကို ဆုများပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ပခုက္ကူစာပေဆုဝတ္ထုရှည်၊ ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ်၊ ပခုက္ကူစာပေဆု သုတေသနစာပေ၊ပခုက္ကူစာပေဆု ကဗျာပေါင်းချုပ်၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ပခုက္ကူ ဦးအုံးဖေ ပညာသင်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက ရှင်းလင်းပြောကြားပြီး ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်) နှင့် ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုရဆရာမောင်မိုးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စာပေဗိမာန်၌ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာစာပေတိုးတက်ရေးသည် အဓိကလုပ်ငန်းတစ်ရပ် ဖြစ်ပါကြောင်း၊ ပြည်သူလူထုဗဟုသုတရစေရန်နှင့် မြန်မာစာပေတိုးတက်ရေးအတွက် စာအုပ်စာပေများထုတ်ဝေခြင်း၊ စာတမ်းဖတ်ပွဲများ၊ စာပေဆွေးနွေးပွဲများ၊ စာပေစကားဝိုင်းများအပါအဝင် စာပေနှင့် ပတ်သက်သည့် ချီးမြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရှင်ကြီးများအနေဖြင့် မိမိတို့၏ ဉာဏ်ပညာ၊ အတတ်ပညာ၊ အတွေ့အကြုံတို့ကို ကိုယ်ပိုင်အချိန်ပေးပြီး စာပေဆုစိစစ်ရွေးချယ်ရေးလုပ်ငန်းများ အလေးထားပြီးဆောင်ရွက်ကြသည်ကို တွေ့ရပါကြောင်း၊ စာပေဆုစိစစ်ရွေးချယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းတင့်၊ စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ရွေးချယ်ရေးနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တော်ခန်းမတွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား ကျင်းပ




မန္တလေး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူး၍ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (International Youth Day 2026) အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းသား၊ကျောင်းသူ လူငယ်များ၊ အသင်းအဖွဲ့များ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နိုင်ငံတော်အလံအား အလေးပြု၍ လူငယ်စွမ်းရည်ဂုဏ်ပြုတေးသီချင်း သီဆိုဂုဏ်ပြုခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများက တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာ Gread-12 အဆင့် ဆောင်းပါးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ နှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video Clip နှင့် တိုင်းရင်းသား ယဉ်ကျေးမှုအကတို့ဖြင့် ဂုဏ်ပြုတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## ၁၂-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၅၅၃,၉၁၃.၄၃ | ၁၀,၈၁၈,၂၆၆.၆၃ | ၃,၂၀၉,၁၉၅.၈၃ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဒုတိယပိုင်းအစီအစဉ်အဖြစ် "လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

ကမ္ဘာတစ်ဝန်းလုံးတွင် ရှိနေသည့် လူငယ်များ၏ ဆောင်ရွက်နိုင်စွမ်းများ၊ အရည်အသွေးများနှင့် အလားအလာကောင်းများကို အားပေးအသိအမှတ်ပြုပြီး လူငယ်များ၏ မတူကွဲပြားသောရည်မှန်းချက်များကို အကောင်အထည်ဖော်ပေးနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဒုတိယပိုင်းအစီအစဉ်အဖြစ် "လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် MICC-1 ၌ ဆက်လက်ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးဒေါက်တာမောင်သင်းက မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကို အကောင်းဆုံးပုံဖော်ဖန်တီးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်အများအပြားကို ပိုင်ဆိုင်ထားခြင်းသည် ဆုလာဘ်တစ်ခုအဖြစ် ဝမ်းမြောက်စွာတွေ့ရှိရကြောင်း၊ လူငယ်ဆိုသည်မှာ အသက်အရွယ် ငယ်ရွယ်နုပျိုမှုတစ်ခုကိုသာ ဆိုလိုသည်မဟုတ်ဘဲ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရဲသည့် ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံမှု၊ လောကကြီးကို ပိုမိုကောင်းမွန်အောင် ဆန်းသစ်သည့်အနေဖြင့် ပြောင်းလဲချင်သော စွန့်စားလိုသည့် စိတ်ဓာတ်၊ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လဖြင့် ကြိုးစားအားထုတ်မှုများစွာနှင့် အနာဂတ်၏ ခေါင်းဆောင်လောင်းများဖြစ်ကြောင်း၊ ယခုခေတ်လူငယ်များသည် လက်ရှိပစ္စုပ္ပန်ကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုမျိုးစုံကို ကြောက်ရွံ့မှုအလျဉ်းမရှိ၊ စိန်ခေါ်မှု၊ အခက်အခဲများကို ဖန်တီးမှုအခွင့်အလမ်းအမြင်ဖြင့် ပြောင်းလဲရင်ဆိုင်ကျော်လွှားပြီး လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုများကို ဖော်ဆောင်နေသူများဖြစ်ကြောင်း၊ "စွမ်းရည်ပြည့်ဝသောလူငယ်၊ အားကောင်းသော နိုင်ငံ၊ မျှဝေပိုင်ဆိုင်သော အနာဂတ်" ( Empowered Youth, Strong Nation, Share Future) အဖြစ် ပေါ်ထွန်းလာစေရန်အတွက် လူငယ်မောင်မယ်တို့၏ အိပ်မက်များ၊ မျှော်မှန်းချက်များ၊ ဆန်းသစ်သည့် အတွေးအခေါ်များ၊ စိန်ခေါ်မှုများကို ဖန်တီးမှုများနှင့် အခွင့်အရေးအမြင်အဖြစ် ရဲရဲဝံ့ဝံ့ ဆက်လက်အကောင်အထည်ဖော်နိုင်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ "လူငယ်ကဏ္ဍအားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကြပါစို့" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကိုကျင်းပရာ Naypyitaw State Academy မှ မောင်ထွဋ်မြတ်တင်ရွှေက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကာ လူငယ်ငါးဦး ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၊ စာစီစာကုံးဆုရကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

လူငယ်စကားဝိုင်းသို့ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ အလွှာပေါင်းစုံမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

■ **မိုးထစ်ချုန်းရွာမည်မှ**

ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

---

❖ **အမျိုးသားဖူဆယ်ပြိုင်ပွဲမှ**

ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ယနေ့ နံနက် ၈ နာရီက ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ နံနက် ၉ နာရီခွဲက ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ ကစားခဲ့ရာတွင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်တွင် တစ်ရက်ရပ်နားသွားမည်ဖြစ်ပြီး ဩဂုတ် ၁၄ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကာ မွန်းလွဲ ၁ နာရီတွင် ဗိုလ်လုပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

---

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။

(မိုး/ဇလ)

---

## ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆင်စခန်းများတွင် ဆင်စာဘူဖေးကျွေး




ညောင်ဦး ဩဂုတ် ၁၂

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆင်စခန်း ၂၀ တို့တွင် ဆင်စာဘူဖေးကျွေးခြင်းဖြင့် ယနေ့ ကျရောက်သည့် ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ် အခမ်းအနားကိုကျင်းပပြီး ဆင်စာဘူဖေးအဖြစ် နာနတ်သီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရွှေဖရုံသီး၊ သရက်သီး၊ ကြံ၊ နေပီယာမြက်၊ ကိုင်းမြက်၊ ဝါးရွက်၊ ပြောင်းဖူး စသည်တို့ကို ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ဆင်များနေ့ကို ကမ္ဘာပေါ်ရှိ ဆင်များကို ကာကွယ်ထိန်းသိမ်းကြရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့သည်။

ဆင်စာဘူဖေးကျွေးခြင်းကို ဆင်စခန်းရှိ စခန်းတာဝန်ခံ၊ ဆင်ဦးစီး ၊ ဆင်ပဲ့ချိတ်များ ဦးဆောင်ကာ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ငလိုက် စခန်းသာဆင်စခန်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဝင်္ဂဘော် ကျေးရွာအနီး ဖွင့်လှစ်ထားသည့် ဝင်္ဂဘော် ဆင်စခန်းတို့တွင်လည်း ကျင်းပခဲ့သည်။

ထို့ပြင် ဆင်များနှင့်အတူ ဘောလုံးကစားခြင်း၊ ရေကစားခြင်း၊ ဆင်များကို တောတောင်အတွင်း လွှတ်ကျောင်းခြင်းတို့ကိုလည်းပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ဒီပါလင်း

---

❍ **ရှေ့တန်းပြန်မှ**

စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်ခဲ့သည့် စစ်ကိုင်းမြို့ ရပ်ကွက်များအတွင်းရှိ ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**မုံရွာ ဩဂုတ် ၁၂**

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် စစ်ကိုင်းမြို့ကမ်းနားရှိ အနိမ့်ပိုင်းရပ်ကွက်များ ရေဝင်ရောက်ခဲ့သဖြင့် ဒေသခံပြည်သူများအား ယာယီရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ခဲ့ရပြီး ရေဘေးသင့်ပြည်သူများကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက် သစ်ကနက်ဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်းကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအတွက် စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိအဆင်ပြေစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့် ကျန်းမာရေး အထူးဂရုပြုနေထိုင်ကြရန် မှာကြားပြီး ရေဘေးရှောင်ပြည်သူများကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင် ဘုရားဝင်းအတွင်း ဖွင့်လှစ်ထားရှိသည့် ယာယီရေဘေးရှောင်စခန်း၊ ပန်းပဲတန်းရပ်ကွက် နဂါးရုံဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်း၊ နန္ဒဝန်ရပ်ကွက် အောင်ချမ်းသာဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်း၊ မြေဝတီရပ်ကွက် ရေဘေးရှောင်စခန်းတို့ရှိ ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ကာ လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် အဆိုပါ ယာယီရေဘေးရှောင်စခန်းများ၌ ခရိုင်၊ မြို့နယ်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး စစ်ကိုင်းမြို့ ဧရာဝတီမြစ်ရေထိန်း တာပေါင်များ ကြံ့ခိုင်မှုနှင့် ဧရာဝတီမြစ်ရေရောက်ရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်း-မင်းကွန်း ကားလမ်းပေါ်ရှိ အလျား ၅၅ ပေ၊ အမြင့် ကိုးပေ ရေထိန်းနံရံပြိုကျပျက်စီးမှုကို ယာယီသဲအိတ်များဖြင့် ကာရံခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် စစ်ကိုင်း-မင်းကွန်းကားလမ်း ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်း သံကူကွန်ကရစ်ရေထိန်းနံရံများ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ဆေးဝါး၊ သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**ပုသိမ် ဩဂုတ် ၁၂**

ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များသည် ယမန်နေ့နံနက်ပိုင်းက လေးမျက်နှာမြို့နယ်အတွင်းရှိထူပါရုံဘုရားရေဘေးရှောင်စခန်း၊ ချမ်းသာကြီးဘုရားရေဘေးရှောင်စခန်း၊ ခမောက်စုအုပ်စု အသောကရာမကျောင်းရေဘေးရှောင်စခန်း၊ ဖိုးသာညိုရိုးကျေးရွာနှင့် ကိုးနဝင်းကျောင်း ရေဘေးရှောင်စခန်းတို့သို့ သွားရောက်ကြည့်ရှုကြသည်။

ထိုသို့သွားရောက်စဉ် ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ဆေးဝါးများ၊ သောက်သုံးရေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ကြပြီး ရေဘေးရှောင်စခန်းများတွင် ခေတ္တနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများကို အားပေးစကားပြောကြားသည်။

ရေဘေးအန္တရာယ်ကြောင့် အခက်အခဲကြုံတွေ့နေရသည့် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ရန်နှင့် ရေဘေးကာလအတွင်း စားဝတ်နေရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ချက်များ ကြည့်ရှုစစ်ဆေးပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**ပုသိမ် ဩဂုတ် ၁၂**

ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံ နိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီး နေ့ဆိုင်း၊ ညဆိုင်းဖြင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့နံနက်ပိုင်းက လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ပြီး ပြည်သူများ၏တင်ပြမှုများကိုလည်း ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့ပြင် လေးမျက်နှာမြို့နယ် ဘိသလွန်ကျေးရွာ လောကချမ်းသာဘုရားကြီးကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက မြွေအန္တရာယ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှု၊ စားသုံးသူရေးရာဦးစီးဌာနကလည်း စားဆီများကိုသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမှုကိုလည်း ကြည့်ရှုအားပေးသည်။

အလားတူ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျကာ ရေကျော်စီးဝင်သည့် ငဝန်တာနေရာကို တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်း၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ မျောတုတ်တန်း၏အပြင်ဘက်ခြမ်း ပိုမိုတောင့်တင်းခိုင်မာစေရေးအတွက် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်များ ဖြည့်သွင်း၍ ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများဖြင့် Pile ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်ရန် (Geobags) ချသည့် ရေယာဉ်များနှင့် သဲယာဉ်များ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေယာဉ်ငယ်များ၊ သဲစက်လှေတွဲများဖြင့် လုပ်ငန်းဆောင်ရွက်မှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အမှတ်(၁) ရေနံချက် စက်ရုံဝင်းအတွင်းရှိ စက်ကန်(ရေလှောင်ကန်) တာပေါက်မှု ဖြစ်ပွားခဲ့ပြီး သဲအိတ်များချ၍ တုတ်ရိုက်ခြင်း၊ ကျောက်အိတ်များချ၍ တုတ်ရိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ရေနံရပ်ကွက် အမှတ်(၁) ရေနံချက်စက်ရုံဝင်းအတွင်းရှိ စက်ကန်(ရေလှောင်ကန်)သည် ဩဂုတ် ၁၀ ရက် ညနေပိုင်းက တာပေါက်မှုဖြစ်ပွားခဲ့ပြီး ဖြစ်ပွားသည့်အချိန်မှစတင်ကာ သဲအိတ်များချ၍တုတ်ရိုက်ခြင်း၊ ကျောက်အိတ်များချ၍ တုတ်ရိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရေပမာဏလျှော့ချနိုင်ရန်အတွက် Hydrosub 60 ရေစုပ်စက်အကြီး သုံးလုံး၊ အပေါ့စား မီးသတ်စက်ခြောက်လုံး၊ (22 hp) Incline Submers-ible pump နှစ်လုံး၊ YCDC မှ pump တစ်လုံးတို့ဖြင့် ရေစုပ်ထုတ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**



# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ဆက်လက်ကျင်းပ



**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ် ခုနစ်ရပ်ဖြင့်ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ် စုစုပေါင်း ဦးရေ ၇၀ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၂၃ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်က တင်သွင်းခဲ့သည့် "မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ"နှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ရန် လွှတ်တော်၏သဘောထားရယူရာ သဘောတူသည့်အတွက် "မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းအကောင်အထည်ဖော်မှု စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ" ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

# မန္တလေးမြို့တွင် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကျင်းပမည်



**မန္တလေး ဩဂုတ် ၁၂**

မန္တလေးမြို့တွင် Taste of the Golden Land 2026 မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် Myanmar Convention Center (MCC) ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ဟော်တယ်ဟေဇယ်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါပွဲကို မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးအသင်းက ကြီးမှူးပြီး မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက အကောင်အထည်ဖော်ကျင်းပခြင်းဖြစ်ပြီး မြန်မာ့အစားအစာများကို နိုင်ငံတကာအဆင့် တည်ခင်းဧည့်ခံမှုပုံစံများဖြင့် မိတ်ဆက်နိုင်ရန် ရည်ရွယ်ထားသည်။

ပြပွဲတွင် ပြခန်း ၁၃၅ ခန်း ပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအစားအစာများနှင့် တရုတ်အစားအစာအချို့ကို ပြသရောင်းချသွားမည်ဖြစ်သည်။

အစားအစာပြိုင်ပွဲတွင် မန္တလေးမြို့ရှိ စားသောက်ဆိုင်ရှစ်ဆိုင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယနေ့တွင် ဇုန်အသီးသီးမှ ရိုးရာအစားအစာများကို ချက်ပြုတ်၊ ပြင်ဆင်၊ ပြသ၊ ရောင်းချခြင်းနှင့် နမူနာမြည်းစမ်းနိုင်ရန် စီစဉ်ထားသည်။

ဖွင့်ပွဲကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး အများပြည်သူများအနေဖြင့် မွန်းတည့် ၁၂ နာရီနောက်ပိုင်းနှင့် ဩဂုတ် ၂၃ ရက်တို့တွင် လာရောက်လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် ဩဂုတ် ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သက်သာသော အတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ဘဏ်တို့မှ တစ်ဆင့် အာမခံပစ္စည်းပေးအပ်၍ဖြစ်စေ၊ ချေးငွေအာမခံ Credit Guarantee Insurance-CGI စနစ်ဖြင့် ဖြစ်စေ ချေးငွေများထုတ်ချေးပေးလျက်ရှိသည်။

၂။ MSME ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် MSME အေဂျင်စီများတွင် ချေးငွေလျှောက်ထားရမည်ဖြစ်ပြီး MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ**

- အသေးစားနှင့်အငယ်စားစီးပွားရေးလုပ်ငန်းများ - ကျပ် ၅၀ သန်းထိ
- အလတ်စားစီးပွားရေးလုပ်ငန်းများ - ကျပ် ၁၀၀ သန်းထိ
- CGI စနစ်ဖြင့် ထုတ်ချေးခြင်း - ကျပ် ၅၀ သန်းထိ

(မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိက ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီ သုံးခု၊ ပြည်တွင်း ပုဂ္ဂလိကအထွေထွေအာမခံကုမ္ပဏီ ခြောက်ခုတို့မှ ဆောင်ရွက်ပေးမည်။)

**( ခ ) ချေးငွေအမျိုးအစားနှင့်အတိုးနှုန်း**

- ပုံသေပစ္စည်း (Fixed Capital) အနည်းဆုံး ( ၃၀ ရာခိုင်နှုန်း )နှင့်အထက် အသုံးပြုမည့် ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး သုံးနှစ်၊ အတိုးနှုန်း - သုံးရာခိုင်နှုန်း
- လှည့်ပတ်ငွေ (Working Capital) (၁၀၀ ရာခိုင်နှုန်း) အသုံးပြုမည့်ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး တစ်နှစ် ခြောက်လ၊ အတိုးနှုန်း - လေးရာခိုင်နှုန်း
- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေ၊ အတိုးနှုန်း - ငါးရာခိုင်နှုန်း

(CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း ငါးရာခိုင်နှုန်းအပြင် ချေးငွေအာမခံ (CGI ပရီမီယံကြေးကို ထပ်ဆောင်းကျခံရမည်ဖြစ်ပါသည်။)

**( ဂ ) ချေးငွေအတွက် တင်ပြနိုင်သည့် အာမခံပစ္စည်းများ**

- မြေနှင့် အဆောက်အအုံ၊
- စက်၊ ယာဉ်ယန္တရား၊
- ငွေစုလက်မှတ်၊
- အစိုးရငွေတိုက်စာချုပ်၊
- စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊
- အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များ၊
- ချေးငွေအာမခံ Credit Guarantee ။

**(ဃ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် မြေအမျိုးအစား**

- ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ လန (၃၉)မြေ၊ (၃)(ခ)မြေ၊ လယ (၃၀)(က) (ခ)မြေ၊ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)၊ စက်မှုစီးပွားဂရန်။

**( င ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် အဆောက်အအုံအမျိုးအစား**

- ကွန်ကရစ်တိုက် (RC)၊ အုတ်ညှပ်အဆောက်အအုံ၊ တိုက်ခံအိမ်၊ အုတ်ပတ်ကားတိုက် အဆောက်အအုံ၊ Steel Structure၊ ခြောက်ထပ်နှင့်အထက် ကွန်ဒိုတိုက်ခန်း။

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်းများတင်ပြ၍ ချေးငွေလျှောက်ထားနိုင်ပါကြောင်းနှင့် အာမခံပစ္စည်းပေးအပ်နိုင်ခြင်းမရှိပါက ချေးငွေအာမခံ Credit Guarantee Insurance - CGI စနစ်ဖြင့် ချေးငွေပမာဏ အများဆုံး ငွေကျပ် သန်း ၅၀ ထိ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**













**❑ ရေဘေးကူညီကယ်ဆယ်ရေးမှ**

ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဝေ့ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝေ့ပန်းတာရေဝင်လမ်းကို (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ပရဟိတအသင်းအဖွဲ့များက ရေဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးပြီး ဆန်ရိက္ခာဖိုးနှင့် ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဘားအံ ဩဂုတ် ၁၂**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေ မြင့်တက်လာမှုကြောင့် အနိမ့်ပိုင်း လူနေရပ်ကွက်များအတွင်း မြစ်ရေများစီးဝင်ပြီး ၎င်းတို့နေအိမ်တွင် ဆက်လက်နေထိုင်ရန် မသင့်တော်တော့သည့် အိမ်ထောင်စုများကို ဘေးလွတ်ရာ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ပဒုမ္မာလမ်းရှိ မိုးလုံလေလုံအားကစားရုံ ယာယီရေဘေးကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေရာချထားပေးသော အိမ်ထောင်စုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ရေဘေးသင့်အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေ ၃၈၅၅၀၀၀ နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့အတူ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်ရှိ လေသာကျောင်းယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်အိမ်ထောင်စုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေ ၁၁၇၀၀၀၀ နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်
## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
## (၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝပန်းများ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

## ကျန်းမာရေးဝန်ကြီးဌာန
## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# ညောင်ဦးမြို့နယ်၌ ရေဘေးရှောင်စခန်းများမှ ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့် ထောက်ပံ့ငွေများ ပေးအပ်



ညောင်ဦး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအထက် ဆက်လက်မြင့်တက်နေပြီး မြစ်ရေဝင်ရောက်နေသည့် မြေနိမ့်ပိုင်းရပ်ကွက်များမှ အိမ်ထောင်စုများကို ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ပေးလျက်ရှိကာ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၅၂ စု၊ လူဦးရေ ၅၉၄ ဦးတို့ကို ဆန်ရိက္ခာနှင့် ငွေကျပ် ၂၉ သိန်းကျော်ကို ထောက်ပံ့ပေးအပ်သည်။

ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် အမှတ်(၁)ရပ်ကွက် ဆုတောင်းပြည့်ဘုရား ဓမ္မာရုံ၊ အမှတ်(၂)ရပ်ကွက် ယွန်းတန်းဓမ္မာရုံ၊ အမှတ်(၄)ရပ်ကွက် ရှစ်မျက်နှာကျောင်းဓမ္မာရုံ၊ အမှတ်(၅)ရပ်ကွက် မြသိန်းတန်ဓမ္မာရုံ၊ အမှတ်(၇)ရပ်ကွက်ရှိ မြသိန်းတန်ဘုရားဓမ္မာရုံတို့ရှိ ရေဘေးရှောင်ပြည်သူများကို ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး ယခုကဲ့သို့ ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

ဆက်လက်၍ ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသည့် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၄)၊ အမှတ်(၅)၊ အမှတ်(၇)ရပ်ကွက်တို့ရှိ ရေဝင်ရောက်ရာနေရာများ၊ သာယာဝတီစက်လှေဆိပ်၊ ရောစက်လှေဆိပ်၊ လောကနန္ဒာဘုရားသွားကားလမ်းရေကျော်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူတို့က ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**ဒီပါလင်း(ပြန်/ဆက်)**

**ဇီဝမျိုးစုံမျိုးကွဲ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ဒုဋ္ဌဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၁၂

ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၅ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ငါးစင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၆ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၂ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ငါးစင်တီမီတာ ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၀၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၀ စင်တီမီတာခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဘားအံမြို့နယ်၊ မဒေါက်မြို့၊ မြစ်ငယ်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ကိုးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့



ပြည်ပနိုင်ငံသား ကိုးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ ယူဂန်ဒါနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၂ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ဦးရေ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများ နှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၆ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ရပ်ထားသည့်မော်တော်ယာဉ်အတွင်းမှ ငွေကျပ် သိန်း ၆၀၀ ခိုးယူသူကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ဒေါ်xxxx ၅၂ နှစ်သည် ဩဂုတ် ၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ MAB Bank အနီးလမ်းဘေး၌ ၎င်းပိုင် YGN-8 2F-xxxx NISSAN MARCH မော်တော်ယာဉ်ကို Lock ချရပ်တန့်ကာ MAB Bank အတွင်းသို့ငွေအပ်နှံရန်အတွက် ခြောက်မိနစ်ခန့် သွားရောက်စုံစမ်း၍ ပြန်လည်ထွက်ခွာလာပြီး မော်တော်ယာဉ်တံခါးဖွင့်၍စစ်ဆေးစဉ် မော်တော်ယာဉ်၏ နောက်ခန်းတွင်ထားရှိခဲ့သော ငွေကျပ်သိန်း ၆၀၀ မှာ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူကို ဖော်ထုတ်အရေးယူပေးပါရန် တိုင်တန်းချက်အရ ကမာရွတ်မြို့မ ရဲစခန်းက(ပ)၁၅၂/ ၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၇၉ ဖြင့် အမှုရေးဖွင့်ပြီး ခိုးမှုကျူးလွန်သူ တရားခံကို စုံစမ်းဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများကို စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ ခိုးမှုကျူးလွန်သူ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အုန်းကုန်းကျေးရွာနေ တရားခံဇော်လတ် ခေါ် အောင်ဇော်လတ် ၃၈ နှစ်ကို ဩဂုတ် ၉ ရက် ညပိုင်းတွင် ဟသ်ာတမြို့နယ် အင်းကုန်းကျေးရွာရှိ ၎င်း၏နေအိမ်၌ ခိုးမှုကျူးလွန်ရာမှ ရရှိခဲ့သည့် ငွေကျပ်သိန်း ၁၄၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဇော်လတ် ခေါ် အောင်ဇော်လတ်ကို စစ်ဆေးရာ ၎င်းသည် ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီခွဲတွင် ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ MAB Bank အနီး လမ်းဘေး၌ရပ်တန့်ထားသည့် YGN-8 2F-xxxx NISSAN MARCH အဖြူရောင်ယာဉ်ပေါ်မှ ပိုင်ရှင်အမျိုးသမီးဆင်းလာကာ ယာဉ်ကိုလော့ချစဉ် ၎င်းမှမော်တော်ယာဉ်၏ ဝဲဘက်အနောက်တံခါး လက်ကိုင်ကွင်းကို လော့ချမရအောင် မတင်ထားခဲ့ကြောင်း၊ ထို့နောက် ယာဉ်ပိုင်ရှင်ဖြစ်သူ အမျိုးသမီးက MAB Bank သို့သွားရောက်နေစဉ် ယာဉ်နောက်ခန်းအတွင်းရှိ ငွေကျပ်သိန်း ၆၀၀ ကို ခိုးယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ ဇော်လတ် ခေါ် အောင်ဇော်လတ်၏ ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများသိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်ရာ ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် ခိုးမှုကျူးလွန်ရာမှရရှိသည့် ငွေကျပ်သိန်း ၆၀၀ မှ ဝယ်ယူထားသည့် ရွှေလက်စွပ်နှစ်ကွင်းနှင့် ငွေကျပ်သိန်း ၁၀၀ ကို ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိနေအိမ်မှလည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ နေအိမ်မှငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ရပ်ထားသည့်မော်တော်ယာဉ်အတွင်းမှ ငွေကျပ် သိန်း ၆၀၀ ခိုးယူသူကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်တွင် မော်တော်ယာဉ်အတွင်းမှ ငွေကျပ်သိန်း ၆၀၀ ခိုးယူသူ တရားခံ ဇော်လတ် ခေါ် အောင်ဇော်လတ်ကို သက်သေခံပစ္စည်းများဖြစ်သည့် ရွှေလက်စွပ်နှစ်ကွင်း၊ ငွေကျပ်သိန်း ၃၄၀ တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေ ပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# ရေကြီးရေလျှံမှုအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ သတိပြုဖွယ်ရာများ

**ကိုဘုန်း**

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များကို ပိုမိုကျရောက်လာပြီး ပြင်းအားလည်း ပိုမိုကြီးမားလာသည်ကို တွေ့ရှိရသည်။ ထိုသဘာဝဘေးအန္တရာယ်များအနက် မုတ်သုံမိုးပြင်းထန်စွာရွာသွန်းမှု၊ ရုတ်တရက် မိုးသက်လေပြင်းများ ကျရောက်မှုနှင့် မြစ်ရေ၊ ချောင်းရေလျှံတက်မှုတို့ကြောင့် ဖြစ်ပေါ်လာသည့် "ရေကြီးရေလျှံမှုအန္တရာယ်" သည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်၊ အခြေခံအဆောက်အအုံများနှင့် ဒေသန္တရစိုက်ပျိုးရေးလုပ်ငန်းများကို ရုတ်တရက်ဖျက်ဆီးပစ်နိုင်သော အဖျက်စွမ်းအားကြီးမားသည့် ဘေးအန္တရာယ်တစ်ခုဖြစ်သည်။

ရေဘေးအန္တရာယ်ကျရောက်သည့်အခါ ရေနစ်မြုပ်မှု၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုနှင့် စီးပွားရေးပျက်စီးဆုံးရှုံးမှု စသည့်ထိခိုက်မှုများအပြင် ၎င်းနှင့်အတူ ကပ်ပါလာတတ်သည့် အဆိုးရွားဆုံး နောက်ဆက်တွဲခြိမ်းခြောက်မှုမှာ ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များပင်ဖြစ်သည်။ ရေကြီးရေလျှံသည့် ကာလအတွင်း၌လည်းကောင်း၊ ရေပြန်ကျသွားသည့် နောက်ပိုင်းကာလများ၌လည်းကောင်း ကူးစက်ရောဂါများကူးစက်ပြန့်ပွားမှုအရှိန်မြင့်တက်လာလေ့ရှိရာ လူထု၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကိုပါ စိန်ခေါ်လျက်ရှိသည်။

**ကြိုတင်ပြင်ဆင်ရမည့်အချက်များ**

မိုးရာသီကာလသို့ ရောက်ရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ဒေသတချို့တွင် မုတ်သုံလေအားကောင်းမှုနှင့်အတူ ရေကြီးရေလျှံလျက်ရှိသည်။ နိုင်ငံအထက်ပိုင်း မြစ်ညာဒေသများတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားလာခြင်းသည် မြစ်အောက်ပိုင်းနှင့် မြေနိမ့်ဒေသများအတွက် သတိထားစရာပင်ဖြစ်သည်။ မိမိတို့နေထိုင်ရာဒေသ၏ ပထဝီအနေအထားအရ ရေကြီးရေလျှံမှု ဖြစ်လာနိုင်သည့် အခြေအနေများရှိပါက ဘေးအန္တရာယ်လျော့ပါးသက်သာစေရန် ကြိုတင်ပြင်ဆင်မှုများဖြင့် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။ ပထမဦးစွာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သည့်သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကာ အခြားသူများကိုလည်း သတင်းများမျှဝေအသိပေးရန် လိုအပ်သည်။ တောင်ပေါ်ဒေသများ၊ မြစ်ဖျားနှင့် ချောင်းဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက် ရုတ်တရက်ရေကြီးနိုင်သည်ကို အထူးသတိပြုရမည်ဖြစ်ပြီး ရေကြီးခြင်းသတိပေးချက်ရသည်နှင့် အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်မကွာ ဆောင်ထားရမည်။ ရေဘေးအတွင်း မိသားစုများကွဲကွာသွားပါက ပြန်လည်ဆက်သွယ်နိုင်ရန် မိသားစုဝင်တစ်ဦးစီ၏ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူနှင့် ဖုန်းနံပါတ် စသည်တို့ကို စာရွက်ပေါ်တွင်ရေးသား၍ မိသားစုဝင်တိုင်း ဆောင်ထားကြရမည်။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ညွှန်ကြားချက်ရရှိပါက ကြိုတင်ရွေးချယ်ထားသော ဘေးလွတ်ရာ သတ်မှတ်နေရာများသို့ အချိန်မီ ရွှေ့ပြောင်းခိုလှုံကြရမည်ဖြစ်သည်။

**ရေကြီးမှုဖြစ်ပေါ်နေချိန်တွင် ဆောင်ရန်နှင့်ရှောင်ရန်များ**

ရေကြီးမှု စတင်ဖြစ်ပေါ်လာပြီဆိုသည်နှင့် အိမ်တွင်းရှိ လျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်မိန်းခလုတ်များကို ပိတ်ထားရမည်။ သောက်သုံးရေအတွက်



သောက်ရေသန့်၊ ပွက်ပွက်ဆူအောင် ကျိုချက်ထားသည့် ရေ သို့မဟုတ် ရေသန့်ဆေးခတ်ထားသော ရေကိုသာ သောက်သုံးရမည်ဖြစ်ပြီး အိမ်နှင့် ခြံဝင်းအတွင်း အဆိပ်ရှိသတ္တဝါများခိုအောင်းနေခြင်း ရှိ၊ မရှိ သေချာစွာ စစ်ဆေးရမည်။ ထို့ပြင် တိရစ္ဆာန်များကို မလိုအပ်ဘဲ ကြိုးချည်နှောင်ထားခြင်း၊ မြစ်၊ ချောင်း၊ ကမ်းပါးများအနီးသို့ သွားရောက်ခြင်း၊ ရေကူးခြင်းနှင့် ကစားခြင်း၊ ရေစိုနေသည့် လျှပ်စစ်ပစ္စည်းများကို အသုံးပြုခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်။ ရေကြီးနေချိန်အတွင်း ဘေးကင်းလုံခြုံရေးသည် အဓိကဖြစ်သောကြောင့် အထက်ပါအချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် အသက်အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်သည်။

**ရေပြန်ကျပြီးနောက် ဆောင်ရွက်ရမည့်အချက်များ**

ရေကြီးပြီးနောက် ရေပြန်ကျသွားသည့်အခါ ပထမဆုံးအနေဖြင့် မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားရမည်။ ထို့နောက် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်ရာ ရေကျသွားပါက အမှိုက်များ၊ တိရစ္ဆာန်အသေကောင်များကို စနစ်တကျမီးရှို့ခြင်း သို့မဟုတ် မြေမြှုပ်ခြင်းတို့ဖြင့် ရှင်းလင်းရမည်။ ပြုတ်ကျနေသော ဓာတ်ကြိုးများ၊ လဲကျနိုင်သောဓာတ်တိုင်များနှင့် သစ်ကိုင်းများကို သတိပြုရှောင်ရှားပြီး သက်ဆိုင်ရာသို့ အကြောင်းကြား၍ ကူညီရှင်းလင်းရမည်ဖြစ်ကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အချင်းချင်းကူညီပူးပေါင်းဆောင်ရွက်ကြရမည်။ ဤသို့စနစ်တကျ ပြန်လည်ထူထောင်မှုများ ပြုလုပ်ခြင်းဖြင့် ရေဘေး၏နောက်ဆက်တွဲ ထိခိုက်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

**ရေကြီးရေလျှံမှု၏ နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာများနှင့် ကာကွယ်ရေးနည်းလမ်းများ**

ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီးနောက် မသန့်ရှင်းသော ရေနှင့်ပတ်ဝန်းကျင်တို့ကြောင့် ကူးစက်ရောဂါများ ပြန့်ပွားလာနိုင်သည်ကို အထူးသတိပြုရမည်။ သောက်သုံးရေအရင်းအမြစ်များ ညစ်နွမ်းသွားခြင်းနှင့် မိလ္လာစနစ်များ ပျက်စီးယိုယွင်းခြင်းတို့ကြောင့် ရေမှတစ်ဆင့် ကူးစက်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ တိုက်ဖွိုက်နှင့် လက်ပတိုစပိုင်ရိုးဆစ် (Leptospi-rosis) တို့ အလွယ်တကူ ဖြစ်ပွားနိုင်သဖြင့် သန့်ရှင်းသောရေကိုသာ သောက်သုံးခြင်း၊ အစားအစာများကို သေချာစွာ ချက်ပြုတ်စားသုံးခြင်းတို့ဖြင့် ကာကွယ်ရမည်။ ထို့ပြင် ရေဝပ်ဇရိယာများတွင် ခြင်များပေါက်ဖွားရာမှ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများဖြစ်ပွားနိုင်သဖြင့် အိမ်ဝန်းကျင်ရှိ ရေဝပ်နေရာများကို ဖယ်ရှားခြင်း၊ ခြင်ထောင်အသုံးပြုခြင်းနှင့် ခြင်ဆေးများသုံးစွဲခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။ မသန့်ရှင်းသော ရေထဲတွင် အချိန်ကြာမြင့်စွာ ရေစိမ်ခြင်းကြောင့် ဝဲ၊ ယွဲ့ စသည့်အရေပြားရောဂါများဖြစ်ပွားတတ်သဖြင့် ရေထဲတွင် ကြာရှည်နေခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ပြီး မဖြစ်မနေ ရေနှင့် ထိတွေ့ပါက ဆပ်ပြာ၊ သန့်ရှင်းသော ရေတို့ဖြင့် ချက်ချင်းဆေးကြောသန့်စင်ရမည်။ ရုပ်ပိုင်းဆိုင်ရာ ဝေဒနာများအပြင် ရေဘေးသင့်ပြည်သူတို့ ကြုံတွေ့ရသည့် စိတ်ဒဏ်ရာ၊ စိုးရိမ်ပူပန်မှုနှင့် စိတ်ဓာတ်ကျဆင်းမှုတို့သည်လည်း လျစ်လျူရှု၍မရသော ကျန်းမာရေးစိန်ခေါ်မှုများဖြစ်ရာ မိသားစုနှင့် ပတ်ဝန်းကျင်မှ စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများပေးခြင်း၊ လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များထံ ဆက်သွယ်တိုင်ပင်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်သည်။

သဘာဝတရားသည် လူသားတို့အား အေးချမ်းသာယာမှုကိုသာမက စိန်ခေါ်မှုကြီးမားသော ရိုက်ခတ်မှုများကိုလည်း ပေးအပ်တတ်သည်ကို ရေကြီးရေလျှံဘေးတစ်ခုတည်း၌ပင် တွေ့နိုင်ပေသည်။ ဤဘေးအန္တရာယ်သည် ရေဒဏ်ကြောင့် ပျက်စီးဆုံးရှုံးရသည့် ဆုံးရှုံးမှုများအပေါ်၌သာ အဆုံးသတ်မသွားဘဲ ထိုထက်ပိုမိုကြောက်မက်ဖွယ်ကောင်းသော နောက်ဆက်တွဲကျန်းမာရေးဆိုင်ရာကပ်ဘေးများကိုပါ ကွင်းဆက်သဖွယ် သယ်ဆောင်လာတတ်သည်။ သန့်ရှင်းမှုကင်းမဲ့သောရေနှင့် ပတ်ဝန်းကျင်က ဖန်တီးပေးသည့် ကူးစက်ရောဂါများ၊ ရေဝပ်ဒေသများမှပေါက်ဖွားလာသော ခြင်၊ ယင်တို့ကြောင့်ဖြစ်သည့်ရောဂါများ၊ စိတ်ပိုင်းဆိုင်ရာဒဏ်ရာများသည် ရုပ်ပိုင်းဆိုင်ရာပျက်စီးမှုထက် ပိုမိုကြာရှည်စွာ ခြိမ်းခြောက်နိုင်သည့် သက်ရောက်မှုများဖြစ်သည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ရေဘေးအန္တရာယ်ကို ရင်ဆိုင်ရာတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ်၌သာ အာရုံမစိုက်ဘဲ ကျန်းမာရေးဆိုင်ရာကြိုတင်သတိပြုမှုများကိုပါ အလေးအနက်ထားဆောင်ရွက်ရမည်ဖြစ်သည်။

ရေမကြီးမီ ကြိုတင်ပြင်ဆင်မှုများ၊ ရေကြီးနေချိန်အတွင်း ဆောင်ရန်ရှောင်ရန်များ၊ ရေပြန်ကျပြီးနောက် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရောဂါကာကွယ်ရေးတို့ကို စနစ်တကျလိုက်နာကျင့်သုံးနိုင်မှသာ ဤသဘာဝဘေး၏ဒဏ်ကို အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်မည်ဖြစ်သည်။ ထို့ပြင် ဤကဲ့သို့သော ဘေးအန္တရာယ်များသည် တစ်ဦးတစ်ယောက်တည်း၏ ကြိုးပမ်းမှုဖြင့် ကျော်လွှား၍မရနိုင်ဘဲ မိသားစု၊ ရပ်ရွာနှင့်လူထုတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်မှသာ ကျော်လွှားနိုင်မည်ဖြစ်သည်။ အချင်းချင်းသတင်းမျှဝေခြင်း၊ သတိပေးနှိုးဆော်ခြင်း၊ ကူညီရှင်းလင်းခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများဖလှယ်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်သည်။ ရေဘေးအလွန်ပြန်လည်ထူထောင်ရေးကာလတွင်လည်း ရောဂါလက္ခဏာများကို စောစီးစွာသိရှိကုသခြင်းနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများပေးခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း ကြိုတင်ပြင်ဆင်မှု၊ အသိပညာပေးမှုနှင့် စုပေါင်းဆောင်ရွက်မှုတို့ဖြင့် သဘာဝဘေးအန္တရာယ်များကို လျှော့ချနိုင်သည်။ ထို့ပြင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ကြေညာချက်များကို နားထောင်၍ ဘေးကင်းသည့်နေရာများသို့ ရွှေ့ပြောင်းနေထိုင်ကာ ပိုမိုလုံခြုံသော၊ ကျန်းမာသောဘဝကို တည်ဆောက်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ၈-၈-၂၀၂၆ ထုတ် မြန်မာ့အလင်းသတင်းစာ**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ပုလဲ ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၅၀၂ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၂၇၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ ပဲတီစိမ်း ၃၅၀၂ ကေ လျာထားစိုက်ပျိုးခဲ့ရာ ၄၂၇၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ပဲတီစိမ်း စိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်း ကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ပုလဲမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ပန်းတောင်းမြို့နယ် အင်ချောင်းကျေးရွာ၌ Smart Village စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း


**ကျောက်ပန်းတောင်း ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆယ်ပေါက်ကျေးရွာအုပ်စု အင်ချောင်းကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေး လုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ခေတ်မီခေတ်မီစံပြကျေးရွာ(Smart Village) ထူထောင်ရေး လုပ်ငန်းစီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဝင်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များနှင့် ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက Smart Village စီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါကျေးရွာ၌ ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးလုပ်ငန်းစီမံကိန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်ထံမှ သိရသည်။ **မောင်နိုင်**










## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်ဟန်မင်းမြတ်ဇော်၏ ဖခင်အမည်မှန်မှာ **ဦးအောင်မျိုးဝင်း** ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးဝင်း(E/CATZN-001430)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(ခွဲ) လ(၁၈)၊ Grade-2 တွင် ပညာသင်ကြားနေသော မယွန်းဝတီအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစိန်လှိုင်** ဖြစ်ပါကြောင်း။

**ဦးစိန်လှိုင်(၉/အမရ(နိုင်)၁၇၉၃၅၇)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ စံဟိန်း-ပညာရေး ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်ဇာနည်ဟိန်းထက်၏ဖခင်အမည်မှန်မှာ **ဦးစောလှမောင်** ဖြစ်ပါကြောင်း။

**ဦးစောလှမောင်(၅/မမန(နိုင်)၀၈၉၂၆၁)**

## ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ ဘူတာပိုင်းနေ ဦးရဲမြင့်၏သား မောင်မြင့်လွင်ဦး(၁၀/ပမန(နိုင်)၂၁၁၉၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-769817354**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံမြို့၊ ခိုလုံရပ်ကွက်နေ အားရှိန် (ဘ) ဦးတွမ်းကြာဖူး(၁၃/ကလတ(နိုင်)၀၁၉၂၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-299420)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-694088934**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာ၊ ကွင်းအမှတ်(၆၆၇)၊ ဦးပိုင်အမှတ်(N-93)၊ ဧရိယာအကျယ်အဝန်း အရှေ့လားသော် (၆၀)ပေ၊ အနောက်လားသော် (၆၀)ပေ၊ တောင်လားသော် (၁၂၅)ပေ၊ မြောက်လားသော် (၁၂၀)ပေ အကျယ်အဝန်းမှ ခွဲထွက်၍ အရှေ့လားသော် (၆၀)ပေ၊ အနောက်လားသော် (၆၀)ပေ၊ တောင်လားသော် (၄၀)ပေ၊ မြောက်လားသော် (၄၀)ပေ အကျယ်ရှိ မြေအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားပိုင်ဆိုင်သူ ဦးမင်းနောင် (ဘ) ဦးသန်းစိန်(၈/ရစက(နိုင်)၁၁၆၈၇၄) ညောင်နီကျေးရွာ၊ ရပ်ကွက်ကြီး(၁၄)၊ ပြင်ဦးလွင်နေသူထံမှ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ပြည်တော်သာ(၅)လမ်းနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်း (ဘ) ဦးတင်ဝင်း(၉/မမန(နိုင်)၀၂၆ ၉၀၉) ကိုင်ဆောင်သူမှ (၂၀-၇-၂၀၂၆)ရက်နေ့တွင် အပြီးအပိုင်ပေးချေ ဝယ်ယူလက်ရောက်ရယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သည့်မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြေညာပါသည့်ရက်မှစ၍ ရပ်ပေါင်း (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချမ်းမြေ့သီတာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၄၄/၂၀၂၃)**
**အမှတ်(၇၉/က)၊ မေတ္တာလမ်း၊ ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့။**
**ဖုန်း၊ ၀၉-၉၆၈၃၃၇၅၅၅**

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-9 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကျော်ဦး၏သမီး မသဲနု၀ါ အား **မသဲငု၀ါ** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မသဲငု၀ါ

## ဖခင်အမည်မှန်

မြစ်သားမြို့၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်ညဏ်ဘုန်းဆက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဆန်ဂျေး** ဖြစ်ပါကြောင်း။

**ဦးဆန်ဂျေး(၉/ပဥလ(နိုင်)၀၇၀၃၃၀)**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဉ္ဇာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက် စာမျက်နှာ - ၂၅

ရေကြီးရေလျှံမှုအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ သတိပြုဖွယ်ရာများ ဆောင်းပါး စာမျက်နှာ - ၂၆

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်နှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ချီးမြှင့်ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၂

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၄/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်ချီးမြှင့်ပေးအပ်ခြင်းနှင့်ပြည်သူ့စစ်မှုထမ်းတံဆိပ်ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားများကို စာမျက်နှာ ၂၀ ကော်လံ ၁ ☆

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ဗိုလ်လုပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၂

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ နိုင်ပွဲများရရှိခဲ့ပြီး စာမျက်နှာ ၂၃ ကော်လံ ၁ ❖






ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အောင်သပြေခက်နှင့် ပန်းကုံးတို့ဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စာမျက်နှာ ၂၃ ကော်လံ ၄ ❍

## ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ ရပ်ထားသည့် မော်တော်ယာဉ် အတွင်းမှ ငွေကျပ်သိန်း ၆၀၀ ခိုးယူသူကို သက်သေခံ ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ - ၂၈

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၂

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စာမျက်နှာ ၂၃ ကော်လံ ၁ ■

